ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ သောကြာနေ့ (22-4-2011)(၆၇၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမျိုးသားပြတိုက် (နေပြည်တော်) တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက် တည်ဆောက်ခင်းကျင်းပြသရေးလုပ်ငန်းသည် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသောလုပ်ငန်းဖြစ်၍ အကောင်းဆုံးဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၁

အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက် တည်ဆောက်ခင်းကျင်းပြသရေးလုပ်ငန်းသည် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသောလုပ်ငန်းဖြစ်၍ အကောင်းဆုံးဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပသည့် နေပြည်တော်၌ တည်ဆောက်လျက်ရှိသော အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တို့၌ ခင်းကျင်းပြသရေးဆိုင်ရာ အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ဆွေးနွေးမှာကြားခဲ့သည်။

အထူးသဖြင့် အမျိုးသားပြတိုက်လုပ်ငန်းသည် မိမိတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်၊ မိမိတို့၏ ကြွယ်ဝပြီး အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုအမွေအနှစ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ခေတ်မီ စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန် ဇုန်(၁) နယ်မြေ အကွက်အမှတ်(၄)ရှိ F_1စပ်မျိုး နွေစပါးစိုက်ခင်းကြီး၏ အောင်မြင်ဖြစ်ထွန်းမှုက အားရစရာ။

ပန်းတိုင်အထွက်နှုန်း တင်း၁၀၀ ကျော် ရရှိဖို့ သိပ္ပံနည်းကျ စပါးစိုက်နည်းစနစ်တွေ သုံးကြပါစို့

သတင်းမှတ်စု - ဖောင်ဖောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ - သောင်းမြင့်(သတင်းစဉ်)

ခေတ်စနစ်တွေ ပြောင်းလဲလာတာနဲ့အမျှ ပြည်မြန်မာရဲ့ လယ်ယာတစ်ခွင်မှာလည်း မိရိုးဖလာ စပါးစိုက်ပျိုးနည်းစနစ်ကနေ ခေတ်မီသိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ်ကို အင်နဲ့ အားနဲ့ ပြောင်းလဲကျင့်သုံးဖို့ လိုအပ်လာပါပြီ။

ရိတ်သိမ်းချိန်မှာ အလေအလွင့်မရှိအောင် တလင်းပျောက် စနစ်နဲ့ ရိတ်သိမ်းကြဖို့၊ တိုက်ရိုက်အစေ့ချကြဲခြင်းစနစ်အစား တစ်ဧက တင်း ၂၀၊ ၃၀ အထိ ပိုမိုထွက်ရှိတဲ့ မျိုးထောင်စနစ်ကို ပြောင်းလဲကျင့်သုံးဖို့၊ တစ်ဧကအထွက်နှုန်း ပျမ်းမျှတင်း ၁၀၀ အထက် **စာမျက်နှာ ၇ ကော်လံ ၁ သို့**

သတင်းအညွှန်း သတင်းအညွှန်း

အောင်သီရိဖောင်ဒေးရှင်း သွားနှင့် ခံတွင်း အခမဲ့ကုသပေး
(သတင်း)စာမျက်နှာ - ၈



စပိန်ဘုရင့်ဖလားဗိုလ်လုပွဲ ရီးယဲလ်က ဘာစီလိုနာကို အနိုင်ယူ
(သတင်း)စာမျက်နှာ - ၁၀

ဖူကူရှီးမားဒိုင်အီချီနျူူးစက်ရုံပတ်ဝန်းကျင်ဒေသကို မဖြတ်သန်းရဇုန်အဖြစ် ဂျပန်အစိုးရကြေညာ



(သတင်း)စာမျက်နှာ - ၅

ကြေးမုံ
The Mirror

၂၂-၄-၂၀၁၁
(သောကြာနေ့)

ကျန်းမာရေးမဏ္ဍိုင်တောင့်တင်းအောင် ဖော်ဆောင်

ကျန်းမာရေးမဏ္ဍိုင်တောင့်တင်းခိုင်မာရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းများချမှတ်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ထူထောင်တည်ဆောက်ပေးနေသည်။ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ မိမိတို့ခရိုင်၊ မြို့နယ်အတွင်း အလွယ်တကူဆေးဝါးကုသမှုခံယူနိုင်ရေးအစီအစဉ်များ တိုးချဲ့ဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်၊ ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲတို့ကို ဧပြီ ၁၀ ရက်က ကျင်းပခဲ့သည်။ ပြည်သူ့ဆေးရုံသစ်တွင် နှစ်ထပ်ဆောင်တစ်ဆောင်နှင့် တစ်ထပ်ဆောင်သုံးဆောင်တို့၌ ဆေးကုသဆောင်များ၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သွားကုသဌာန၊ သားဖွားဆောင်များပါရှိသည်။

ထို့အတူ တောကျွဲအင်း တိုက်နယ်ပြည်သူ့ဆေးရုံသစ်၌လည်း အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ ကလေးကုသဆောင်နှင့် သားဖွားခန်းတို့အပြင် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ပြင်ပလူနာဌာနစသည်တို့ပါရှိသည်။ တီဘီရောဂါ၊ ငှက်ဖျားရောဂါအဖြစ်များသည့် ဒေသများတွင် ဆေးရုံသစ်များ ဖွင့်လှစ်လာနိုင်သဖြင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုအထောက်အကူပြုနိုင်ပေပြီ။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း၌ဆေးရုံသစ်များ တိုးချဲ့တည်ဆောက်ပေးခြင်း၊ အထူးကုဌာနများ တိုးချဲ့ဖွဲ့စည်းပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ စေတနာရှင်ပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ကူညီလျက်ရှိရာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်နေပေပြီ။

ယခုအခါ ပြည်ထောင်စုကြီး၏ဒေသအသီးသီးတွင် ဆေးရုံဆေးပေးခန်းများ ပိုမိုတည်ဆောက်ပေးထားပြီ။ ကျန်းမာရေးဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ပေးနေသည်။ နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသအရောက် ကျန်းမာရေးအသိပညာဗဟုသုတများ တိုးမြှင့်ပေးလျက်ရှိသည်။ ယင်းသို့ကြိုးပမ်းအားထုတ်မှုများနှင့်အတူ လူ့သက်တမ်းမြင့်မားလာခြင်း၊ ရောဂါကြီးများမှ ကင်းဝေးလာခြင်းစသည့် အကျိုးရလဒ်များ ဖြစ်ထွန်းရရှိနေပြီ ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ဘုရင့်နောင်လမ်း ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ စည်ပင်သာယာရေးလုပ်ငန်းများ မြို့တော်ဝန် လှည့်လည်ကြည့်ရှု စစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့လှိုင်မြို့နယ် ပိတောက်ချောင်းမှ ကမာရွတ်ချောင်းအထိ လမ်းအရှည်ပေ ၁၂၅၀ ရှိ ဘုရင့်နောင်လမ်းအပိုင်းအား စက်ယန္တရားများဖြင့် ကတ္တရာ ကွန်ကရစ် ထပ်ပိုးခင်းနေမှု၊ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ နောက်ဆုံးစွန့်ပစ် အမှိုက်ပုံမြေနေရာနှင့် ဒဂုံ-ဇရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်း၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတို့ကို ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဧပြီ ၂၁ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစပယ်လမ်း ပါရမီနေ သူ့ရဦးထွန်းတင်-ဇနီး ဒေါ်မြင့်မြင့်သိန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ ပူဇော်ထားရှိမည့် ဘုရားဆင်းတုတော်နှင့် ပလ္လင်တော်တို့အတွက် အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ် တင့်ဆွေ(ငြိမ်း)၊ နာယက ဦးမောင်တင်နှင့် ဥက္ကဋ္ဌ ဦးမောင်မောင်တို့ လက်ခံကြစဉ်။ (ဇီဝိတဒါန)

သန်လျင်မြို့ မြို့ဟောင်း အလယ်ရပ်ကွက်၏ (၃၄) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၉ ရက်က အောင်သုခမွှာရုံ၌ ကျင်းပရာ အသက် (၇၅) နှစ်အထက် အပူဇော်ခံ အဘိုး၊ အဘွားများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့် ဇနီးတို့ ပူဇော်ကန်တော့ငွေများ လှူဒါန်းစဉ်။ (၅၂၇)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၂။ ဦးတည်ချက်(၁၂)ရပ်
- ၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄း၃၀ ၇။ အဖြူရောင်အန္တရာယ် (ပညာပေးဇာတ်လမ်းတို)
- ၄း၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၉။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၅ ၁၀။ အိုင်စီတီသုတ
- ၅း၀၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
- ၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ **(အပိုင်း-၇)**
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၆။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာခစံအိမ်(အပိုင်း-၁၄)**
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက်(၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ စိုက်ပျိုးသုတ
- ၂၅။ သံစဉ်များနှင့်ကမ္ဘာ
- ၂၆။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၆)**
- ၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၃၀။ သင့်အတွက်မနက်ဖြန်
- ၃၁။ အပိတ်နှုတ်ဆက်စကား
- ၃၂။ ပြီးပါပြီ။

ကွင်းဆင်းဆောင်ရွက်

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)က ပုသိမ်မြို့ တာဝတိံသာလမ်းနေ ဦးလှကြည် (မြို့နယ်သတင်းထောက်) -ဒေါ်မြမြဝင်း၊ သား ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဌေး၊ သမီး မသင်းသင်းလှ၊ မမွှေးမွှေးလှ မိသားစုက နှစ်သစ်မင်္ဂလာ အလှူဒါနအဖြစ် ရပ်ကွက်နေပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာအုပ်နှင့် ဘောပင်များကို ပေးဝေလှူဒါန်းစဉ်။

(၅၅၂)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

ဆွေးနွေး မှာကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း နေပြည်တော်၌ တည်ဆောက်လျက်ရှိသော အမျိုးသားပြတိုက် (နေပြည်တော်) နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တို့၌ ခင်းကျင်းပြသရေးဆိုင်ရာအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

※ **ရှေ့ဖုံးမှ**

မိမိတို့နိုင်ငံနှင့်လူမျိုး၏ စွမ်းဆောင်နိုင်မှုစွမ်းအားတို့ကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသရမည်ဖြစ်၍ အရေးကြီးကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အခြားကဏ္ဍအသီးသီးက နိုင်ငံ၏စွမ်းဆောင်ရည် စွမ်းအားကို ပြသကြမည့်နည်းတူ မိမိတို့၏ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုမြင့်မားဖွံ့ဖြိုးမှုကို ဤအမျိုးသားပြတိုက်ကြီးက ဖော်ထုတ်ပြသသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့လူမျိုး၏ ဇာတိဂုဏ်ကို အမျိုးသားပြတိုက်မှတစ်ဆင့် မိမိတို့ပြည်သူများကိုရော ကမ္ဘာကပါသိအောင် ပြသကြရမည်ဖြစ်ကြောင်း၊ မိမိတို့လူမျိုး၏ အစဉ်အလာ ကြီးမားခဲ့သည့် ဇာတိဂုဏ်ကြွယ်ဝပြီး အဆင့်အတန်းမြင့်မားခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ၊ နိုင်ငံနှင့် လူမျိုး၏ စွမ်းဆောင်အောင်မြင်မှုများကို ပီပြင်အောင် ဖော်ထုတ်တင်ပြကြရန်လိုကြောင်း။

အမျိုးသားပြတိုက် တည်ဆောက်ခင်းကျင်းပြသခြင်း လုပ်ငန်းစဉ်၌ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ်နှင့်ညီသည့် နိုင်ငံတော်အဆင့်ပြတိုက်ဖြစ်အောင် တည်ဆောက်ပေးရန်၊ ခေတ်မီ၊ ဆွဲဆောင်မှုရှိ၊ အဆင့်အတန်းမြင့်မားပြီး ထိန်းသိမ်းမှုစနစ်မှန်ကန်သည့် အမျိုးသားပြတိုက်ဖြစ်ရန်ဟူသည့် ရည်မှန်းချက်ထားရှိပြီး တည်ဆောက်ခင်းကျင်းပြသကြရမည်ဖြစ်ကြောင်း၊ ကြီးမားကျယ်ပြန့်လေးနက်သည့် လုပ်ငန်းရပ်ဖြစ်ပြီး အချိန်မီဆောင်ရွက်ရန်လည်း လိုအပ်သည့်အတွက် အဘက်ဘက်မှ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အမျိုးသားစာကြည့်တိုက် တည်ဆောက်ရာ၌လည်း အမျိုးသားပြတိုက်တည်ဆောက်မှုသဘောသဘာဝအတိုင်း တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ စာကြည့်တိုက်ပညာတတ်ကျွမ်းသူများက သေချာတာဝန်ယူဆောင်ရွက်ရန် လိုကြောင်း၊ အီလက်ထရွန်နစ်စာကြည့်တိုက် (Electronic Library) ဖြစ်အောင် လုပ်ရန်၊ စာကြည့်တိုက်သို့ လာရောက်ကြသူများအတွက် လွယ်ကူသည့်စနစ်ဖြစ်ရန်နှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမတိုင်မီ အားလုံးပြီးစီးနိုင်အောင် အစီအမံများ ချမှတ်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းဖြင့်လည်း ဝန်ကြီးက ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ACE ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးဝင်းက အမျိုးသားပြတိုက် (နေပြည်တော်) လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မိုးကြယ်စင်ဆောက်လုပ်ရေးမှ စီမံကိန်းဒါရိုက်တာ ဦးဝင်းဇော်က အမျိုးသားစာကြည့်တိုက်(နေပြည်တော်) လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အမျိုးသားပြတိုက်(နေပြည်တော်) နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) တို့၌ ခင်းကျင်းပြသရန် စီမံထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များ ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အမျိုးသားပြတိုက် (နေပြည်တော်) တည်ဆောက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

အမျိုးသားပြတိုက် (နေပြည်တော်)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားပြတိုက် (နေပြည်တော်) တည်ဆောက်ရေး လုပ်ငန်းစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)က ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဈေးကြီးအရှေ့၊ အနောက် တလိုင်းပိုင်း ငါးကြော်ဖို အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၆၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲတွင် ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အမှုဆောင်အဖွဲ့က အဘိုး၊ အဘွား ၅၀၅ ဦးတို့အား ကန်တော့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြစဉ်။

(၅၄၆)

ရန်ကင်းပညာရေးကောလိပ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်ဆရာအတတ်သင် သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမြကျော် ဖုန်း-၅၆၆၆၁၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဦးလှထွန်း ဖုန်း-၆၄၆၁၈၃၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၀၄၊ ဦးအေးလွင် ဖုန်း-၀၉-၅၅၀၂၂၈၉၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၀၇၃၉၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၃၆၂၊ ဦးစိန်သွေး ဖုန်း-၅၆၁၅၆၅၊ ဦးကျော်ဒွေး၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးကြည်ဝင်း ဖုန်း-၃၇၄၂၆၉၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၀၅၆-၂၁၃၁၂၊ ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆ တို့သို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး ပညာရေးမှူးရုံးများမှတစ်ဆင့်လည်းကောင်း ဧပြီ ၂၅ ရက်နောက်ဆုံးထား၍ အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
- ၈း၁၅ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈း၂၅ ၇။ "ချစ်တတ်ကြရအောင်"
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း ၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၁၀ ၃။ တေးဂီတအစီအစဉ်
- ၄း၂၀ ၄။ အတီးပြိုင်ပွဲ
- ၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅း၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၉။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင်အင်တာနက်ဉယျာဉ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ)(အပိုင်း-၂၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၁၀)**
- ၁၉။ **သီချင်းချစ်သူ (ခင်ဘုဏ်း)**
- ၂၀။ အစီအစဉ်ပြီး၏။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြမဥ္ဇူ(၃)လမ်းနေ ကွယ်လွန်သူ ဦးမောင်လေး-ဒေါ်အုန်းမြတို့အား ရည်စူး၍ တူ ကိုခင်မောင်ကျော်၊ ကိုကျော်ခိုင်ဦး၊ တူမ အေးအေး၊ မရွှေရည်အောင်၊ မသန်းသန်းမူ၊ မဇင်မာထွေး၊ မအေးအေးခိုင် မောင်နှမတစ်စုက ဘိုးဘွားများ သောက်သုံးရန် ရေလှောင်ကန်သစ်အတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အမေရိကန်အထက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံထိပ်တန်းတာဝန်ရှိသူများနှင့်တွေ့ဆုံ

ပေကျင်း ဧပြီ ၂၁

တရုတ်နိုင်ငံ ပေကျင်းမြို့တော်သို့ ရောက်ရှိနေသော လွှတ်တော်အမတ် ဟယ်ရီရိဒ်ဦးဆောင်သည့် အမေရိကန်အထက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်တာဝန်ရှိသူများနှင့် ယနေ့ တွေ့ဆုံကာ နှစ်နိုင်ငံအကြား စီးပွားရေးပြဿနာများနှင့် လူ့အခွင့်အရေးဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်အထက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ ဝူပင်ကိုးနှင့်လည်းကောင်း၊ လက်ရှိသမ္မတဟူကျင်တောင်၏ နေရာကို ဆက်ခံရန် သတင်းပြေးနေသော ဒုတိယသမ္မတ ရှီကျင့်ဖျင်နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြသည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၀ ရက်က တရုတ်ဒုတိယသမ္မတတစ်ဦးဖြစ်သူ ဝမ်ကြည်ရှန်နှင့် တွေ့ဆုံကာ တစ်ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကိစ္စရပ်အပါအဝင် အကြောင်းအရာမျိုးစုံကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးသည် မိမိတို့နှစ်နိုင်ငံအတွက်အပြင် တစ်ကမ္ဘာလုံးအတွက်လည်း အရေးကြီးကြောင်း အမေရိကန်အထက်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဟယ်ရီရိဒ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စီးပွားရေး၊ ငွေကြေးနှင့် သန့်ရှင်းသောစွမ်းအင်ကဏ္ဍများ၌ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ မည်သို့မည်ပုံ ပူးပေါင်းလုပ်ဆောင်မည်ဟူသောအချက်သည် ကမ္ဘာ့စီးပွားရေး၏အနာဂတ်အလားအလာကို ပြဋ္ဌာန်းရာတွင် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ဟယ်ရီရိဒ်က ပြောကြားသည်။ **အေအက်ဖ်ပီ။**

တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ ဝူပင်ကိုး(ယာပုံ)**နှင့် အမေရိကန်အထက်လွှတ်တော်အမတ် ဟယ်ရီရိဒ်တို့ကို ပြည်သူ့မဟာခန်းမဆောင်၌ ဧပြီ ၂၁ ရက်က တွေ့ရစဉ်။***(ဓာတ်ပုံ-အင်တာနက်)*

ဘင်္ဂလားဒေ့ရှ်တွင် ကူးတို့သင်္ဘောနစ်မြုပ် နှစ်ဦးသေဆုံးပြီး ၅၀ နီးပါး ပျောက်ဆုံး

ဒါကာ ဧပြီ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ အရှေ့မြောက်ဘက်မှ ၁၀၉ ကီလိုမီတာကွာဝေးသော ဘရာမန်ဘာရီယာခရိုင် ရာဂျာပါမြို့မှ မက်ဂနာမြစ်အတွင်း ဧပြီ ၂၁ရက် နံနက်စောစောပိုင်းက ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်ရာ လူနှစ်ဦးထက် မနည်းသေဆုံး၍ ၅၀ နီးပါးပျောက်ဆုံးလျက်ရှိကြောင်း ဒေသခံ ရုပ်မြင်သံကြားချယ်နယ်အေအီအင်န်ဘန်ဂလာတွင် ဖော်ပြသည်။

အဆိုပါ ကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ၅၀ ကျော် လိုက်ပါလာကြောင်း၊ မက်ဂနာမြစ်အတွင်း ခုတ်မောင်းလာစဉ် နံနက် ၂ နာရီခန့်တွင် ဆန့်ကျင်ဘက်မှ ခုတ်မောင်းလာသော ကုန်တင်သင်္ဘောတစ်စင်းနှင့် ပြင်းထန်စွာ တိုက်မိကြခြင်းဖြစ်ကြောင်း၊ ထို့နောက် ကူးတို့သင်္ဘော နစ်မြုပ်သွားကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

သင်္ဘောနစ်မြုပ်ချိန်တွင် ခရီးသည်အချို့ လွတ်မြောက်သွားကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များနှင့် ရေငုပ်သမားများ လျင်မြန်စွာ ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်စစ်သင်္ဘော အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရမှု ဆော်ဒီတစ်ဦးကို စစ်ခုံရုံးတင်စစ်ဆေးရန် အကြံပြု

ဝါရှင်တန် ဧပြီ ၂၁

၂၀၀၀ပြည့်နှစ်က ယူအက်စ်အက်စ်ကိုးလ်အမည်ရှိ အမေရိကန်စစ်သင်္ဘောအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှု၌ အဓိကမသင်္ကာသူတစ်ဦးကို ဂွမ်တာနာမိုပင်လယ်အော်ရှိ အမေရိကန်ရေတပ် အကျဉ်းစခန်း၌ တရားစီရင်စစ်ဆေးရန် စစ်ဘက်ဆိုင်ရာရှေ့နေတစ်ဦးက အကြံပြုလိုက်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဧပြီ ၂၁ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံမှ အက်ဘဒယ်ရာမင်ဟူစိန်မိုဟာမက်အယ်လ်နာရှီရီအား ဂွမ်တာနာမိုအကျဉ်းစခန်း၌ ရုံးတင်စစ်ဆေးမည်ဆိုပါကအမေရိကန်သမ္မတအိုဘားမား၏လက်ထက်တွင် ပထမဆုံးဖွင့်လှစ်သည့် စစ်ခုံရုံးဖြစ်လာမည်ဖြစ်သည်။ ဂွမ်တာနာမိုအကျဉ်းစခန်း၌ စစ်ခုံရုံးများဖွင့်လှစ်ကာ တရားစွဲဆိုနိုင်သည်ဟု သမ္မတ အိုဘားမားက မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အယ်လ်နာရှီရီအား တရားစီရင်ရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်ကာကွယ်ရေးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံ ဂွမ်တာနာမိုပင်လယ်အော်ရှိ အမေရိကန်ရေတပ်စခန်း၌ စစ်ခုံရုံးများ ဖွင့်လှစ်မှုကို ဆိုင်းငံ့ထားရန် အိုဘားမားက ၂၀၀၉ခုနှစ်တွင် ညွှန်ကြားခဲ့ပြီးနောက် ၎င်း၏သဘောထားရပ်တည်ချက်ကို ပြန်လည်ပြင်ဆင်ခဲ့သည်။

စွဲချက်တင်

ယီမင်နိုင်ငံရှိ အေဒင်ပင်လယ်ဆိပ်ကမ်း၌ အမေရိကန်စစ်သင်္ဘောကို အကြမ်းဖက်တိုက်ခိုက်ခဲ့ရာတွင် ဦးဆောင်စီစဉ်ညွှန်ကြားခဲ့သူအဖြစ် အယ်လ်နာရှီရီအား စွဲချက်တင်ထားသည်။ ၎င်းသည် ၂၀၀၂ခုနှစ်ကလည်း ပြင်သစ်ရေနံတင်သင်္ဘောတစ်စင်းကို အကြမ်းဖက်တိုက်ခိုက်ခဲ့မှုဖြင့်လည်း စွဲချက်တင်ခံထားရသည်။

ယူအက်စ်အက်စ်ကိုးလ်စစ်သင်္ဘော အကြမ်းဖက်တိုက်ခိုက်ခံရမှုတွင် ရေတပ်သား ၁၇ဦး သေဆုံးခဲ့ရပြီး ၄၀ကျော် ဒဏ်ရာရရှိခဲ့သည်။

ပြင်သစ်ရေနံတင်သင်္ဘော အမ်ဗွီလင်းဘတ် တိုက်ခိုက်ခံရမှုကြောင့် သင်္ဘောသားတစ်ဦး သေဆုံးခဲ့ပြီး ပင်လယ်ကွေ့၌ ရေနံစည် ၉၀၀၀၀ ခန့် ယိုဖိတ်မှုဖြစ်ပေါ်ခဲ့ရသည်။ **အင်တာနက်**

၂၀၀၀ပြည့်နှစ်က ယီမင်နိုင်ငံ အေဒင်ပင်လယ်ဆိပ်ကမ်း၌ အကြမ်းဖက်တိုက်ခိုက်ခံရသော အမေရိကန်စစ်သင်္ဘောကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မက္ကဆီကို၌ တောမီးလောင် သစ်တောဟက်တာ ၂၅၀၀ ကျော်ပျက်စီး

မက္ကဆီကိုစီးတီး ဧပြီ ၂၁

မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ်ရှိ ကင်တာနာရိုးပြည်နယ်ဒေသသုံးခု၌ တောမီး ငါးကြိမ်လောင်ကျွမ်းရာ သစ်တောဟက်တာ ၂၅၀၀ ကျော်ပျက်စီးခဲ့ကြောင်း သဘာဝဝန်းကျင်အရင်းအမြစ်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပျက်စီး

အဆိုပါတောမီးသည် စိန့်ကာအင်ဒေသ ဖဲလစ်ကာရယ်လိုပေါ်တို၌ အဆိုးရွားဆုံးကြုံတွေ့ရပြီး သစ်တောမြေဟက်တာ ၄၀၀ ပျက်စီးခဲ့သည်။ ဆန်ပီဒရိုရှိ ဘီနီတိုဂျာရတ်တွင် မြေဟက်တာ ၆၀၀၊ လာဇာရိုကာဒီနတ်ဒေသတွင် ဟက်တာ ၁၀၀၀ နှင့် ဆန်တာဂျူလီယာဒေသတွင် ဟက်တာ ၄၅၀ ပျက်စီးခဲ့သည်။

ဧပြီ ၁၄ရက်မှစတင်ကာ လောင်ကျွမ်းသည့် တောမီးကို ငြိမ်းသတ်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင် ၅၀၀ ခန့်၊ အမျိုးသားသစ်တောအဖွဲ့ဝန်ထမ်း ၁၄၀ နှင့် အခြားပြည်နယ်များမှ အဖွဲ့အစည်းများကို အကူအညီတောင်းခံခဲ့ရသည်။

အပူရှိန်မြင့်မားခြင်း၊ လောင်စာဆီများ သိုလှောင်ထားခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် မီးငြိမ်းသတ်ရာတွင် အဟန့်အတားများဖြစ်ခဲ့ကြောင်း သဘာဝဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ပြောကြားသည်။ **ဆင်ဟွာ။**

အာဖဂန်နစ္စတန်နိုင်ငံ လိုဂါပြည်နယ်တွင် စစ်သွေးကြွ ၆၅ ဦးသေဆုံး

ပါလ်အီအလန် ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း လိုဂါပြည်နယ် ဘာရာကီဘာရက်ခ်ဒေသတွင် အာဖဂန်ရဲတပ်ဖွဲ့ဝင်များနှင့် နေတိုးဦးဆောင်သောတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးအတွင်း စစ်သွေးကြွ ၆၅ ဦး သေဆုံးကြောင်း ခရိုင်အကြီးအကဲက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာတပ်ဖွဲ့ဝင်များ ကျောထောက်နောက်ခံပြုထားသော အာဖဂန်တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၀ ရက် ညပိုင်းတွင် ဘာရာကီဘာရက်ခ် ဒေသရှိ ဆာဂျာဝမ်ကျေးရွာတွင် စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း စစ်သွေးကြွ ၆၅ ဦးကို ချေမှုန်းခဲ့ကြောင်း ဘာရာကီဘာရက်ခ်ဒေသ အကြီးအကဲ မိုဟာစ်မက်ရာဟင်မ်အာမင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများ ပုန်းအောင်းရာနေရာသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ရာတွင် အရပ်သားများ သေကျေထိခိုက်မှုသတင်းကို မရရှိပေ။

အာဖဂန်နှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ ပူးပေါင်းစစ်ဆင်ရေးကို ဧပြီ ၁၉ ရက် ညပိုင်းက အာဖဂန်နစ္စတန်အရှေ့ပိုင်း ကူနာပြည်နယ်ဒန်ဂမ်ဒေသတွင် ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၁၇ ဦးသေဆုံးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပြန်ပေးဆွဲခံရသည်ဟု ယူဆရသော တောင်ကိုရီးယား ကုန်သင်္ဘောကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်ကိုရီးယားကုန်သင်္ဘော ပြန်ပေးဆွဲခံရဖွယ်

ဆိုးလ် ဧပြီ ၂၁

တောင်ကိုရီးယား ကုန်သေတ္တာတင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားသည်ဟု ယူဆရကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားသင်္ဘောသား ၁၄ ဦး လိုက်ပါလာသော တန်ချိန် ၇၅၀၀၀ ရှိ ကုန်သေတ္တာတင်သင်္ဘောတစ်စင်းသည် စင်ကာပူသို့ ဦးတည်ခုတ်မောင်းစဉ် ဆိုမာလီကမ်းလွန်ပင်လယ်တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ယင်းသင်္ဘောကို ပိုင်ဆိုင်သည့် ဟန်ဂျင်းသင်္ဘောလုပ်ငန်းကုမ္ပဏီက ပြောကြားသည်။

အသေးစိတ်အချက်အလက်များကို ယင်းဝန်ကြီးဌာနက ပြောကြားခြင်းမရှိသေးပေ။

အမ်အင်အေ၊ဆင်ဟွာ။

ဖူကူရှီးမားဒိုင်အိချိနျူစက်ရုံပတ်ဝန်းကျင်ဒေသကို မဖြတ်သန်းရဇုန်အဖြစ် ဂျပန်အစိုးရ ကြေညာ

တိုကျို ဧပြီ ၂၁

ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များ ထွက်ပေါ်နေသည့် ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံ၏ ၁၂ မိုင်ပတ်လည်ဒေသကို မဖြတ်သန်းရဇုန်အဖြစ် ဂျပန်အစိုးရက ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စု ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံအနီးရှိလူသူများ စွန့်ခွာသွားခဲ့ပြီဖြစ်သော ဖူတာဘာမြို့။

မဖြတ်သန်းရဇုန်အတွင်း ဝင်ရောက်သွားလာခြင်းမပြုရန် ဒေသခံများကို ဂျပန်အစိုးရက တိုက်တွန်းခဲ့ပြီး အမိန့်အာဏာကို ချိုးဖောက်သူများသည် ဒဏ်ငွေရိုက်ခြင်း သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ခြင်းတို့နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

မတ်လ ၁၁ ရက် မြေငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံပြဿနာဖြစ်ပေါ်ခဲ့ပြီးနောက် အိုးအိမ်များစွန့်ခွာ၍ ခြေလွတ်လက်လွတ် ရှောင်ပြေးခဲ့ရသော ဒေသခံများသည် ဂျပန်အစိုးရ၏ မဖြတ်သန်းရဇုန် အမိန့်ထုတ်ပြန်မှုကြောင့် ဒေါသအမျက်ထွက်ခဲ့ကြရသည်။

ဂျပန်အစိုးရ၏ နျူကလီးယားအရေးပေါ် အထူးဥပဒေအရ မဖြတ်သန်းရဇုန်အတွင်း ဝင်ရောက်သူများသည် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၂၀၀ အထိပေးဆောင်ရခြင်း သို့မဟုတ် ရက်ပေါင်း ၃၀အထိ ဖမ်းဆီးချုပ်နှောင်မှုကို ခံရဖွယ်ရှိသည်။

နျူကလီးယားအရေးပေါ် အထူးဥပဒေသည် ဧပြီ ၂၁ ရက် ညသန်းခေါင်ယံတွင် စတင်အာဏာသက်ဝင်မည်ဖြစ်သည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံမှ ယိုစိမ့်နေသော ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များ၏ အန္တရာယ်ပေးနိုင်မှုကို ကန့်သတ်ထားနိုင်ရန်နှင့် စက်ရုံပတ်ဝန်းကျင်ရှိ လူသူများစွန့်ခွာခဲ့ပြီဖြစ်သောဒေသများ၌ ခိုးဝှက်မှုများဖြစ်ပွားခြင်းမရှိစေရန် ယင်းအထူးဥပဒေကို ထုတ်ပြန်ရခြင်းဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အေပီ။**

အမေရိကန်၏စွပ်စွဲမှု ဝါဒဖြန့်ချိမှုသာဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်ပြောကြား

အစ္စလာမ္မာဘတ် ဧပြီ ၂၁

ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့ (အိုင်အက်စ်အိုင်)သည် အင်အားတောင့်တင်းသည့် အာဖဂန်- တာလီဘန်အုပ်စုတစ်စုနှင့် အဆက်အဆံ ဆက်လက်ထားရှိထားကြောင်း စွပ်စွဲချက်များကို ပါကစ္စတန်စစ်ဘက်က ကြာသပတေးနေ့တွင် ပယ်ချခဲ့သည်။

အာဖဂန် တာလီဘန်အုပ်စုတစ်ခုဖြစ်သော ဟတ်ကာနီကွန်ရက်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဆက်ဆံရေးနှင့်ပတ်သက်၍ ပါကစ္စတန်လက်နက်ကိုင်တပ်ဖွဲ့များ၏ အကြီးအကဲ ဗိုလ်ချုပ်ကြီးပါဗက်ဇ်ကာယာနီနှင့် တွေ့ဆုံရာတွင် ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်ပူးတွဲ စစ်ဦးစီးချုပ်များအဖွဲ့ သဘာပတိ ဗိုလ်ချုပ်ကြီးမိုက်မူလန်က ဧပြီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ဟတ်ကာနီကွန်ရက်အဖွဲ့သည် လွတ်လပ်သောတာလီဘန်အုပ်စုတစ်စုဖြစ်၍ ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန် ဒေသ၌ အခြေစိုက်သည့်အဖွဲ့ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များကို အပြင်းထန်ဆုံး ထိုးနှက်နေသည့်လက်နက်ကိုင်အုပ်စုတစ်စုအဖြစ် ဟတ်ကာနီကွန်ရက်ကို သတ်မှတ်ထားသည်။

ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့နှင့် ဟတ်ကာနီကွန်ရက်တို့အကြား အဆက်အဆံရှိကြောင်း အမေရိကန်ပြည်ထောင်စု၏စွပ်စွဲမှုသည် ပါကစ္စတန်၏ပုံရိပ်ကိုကျဆင်းစေမည့် ဝါဒဖြန့်ချိချက်သာဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

အာဖဂန်နစ္စတန်ကို ဆိုဗီယက်တပ်ဖွဲ့များ သိမ်းပိုက်ထားစဉ် ၁၉၈၀ ခုနှစ်ကပင် ဟတ်ကာနီကွန်ရက်ခေါင်းဆောင်ပိုင်းနှင့် ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့တို့အကြား အဆက်အဆံရှိခဲ့သည်။ ယင်းအချိန်က ဟတ်ကာနီအုပ်စုကို အမေရိကန်နိုင်ငံကလည်း ထောက်ပံ့ကူညီခဲ့ဖူးသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၉ ရက် အကြမ်းဖက်ဖြစ်စဉ်နောက်ပိုင်းတွင် ဟတ်ကာနီကွန်ရက်နှင့် အဆက်အဆံ ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက ပြောကြားခဲ့သည်။ **အင်တာနက်။**

ပေါက်ကွဲအား အလွန်ပြင်းသည့် ဗုံးတစ်လုံးတွေ့ရှိပြီးနောက် အရေးပေါ်အခြေအနေအတွက် အင်ဒိုနီးရှား အသင့်ပြင်ထား

ဂျကာတာ ဧပြီ ၂၁

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ပြင်ရှိ ခရစ်ယာန်ဝတ်ကျောင်းတစ်ခုအနီးဓာတ်ငွေ့ပိုက်လိုင်းအောက်၌ မြှုပ်နှံထားသော အလေးချိန် ၁၅၀ ကီလိုဂရမ်(ပေါင် ၃၃၀)ရှိသည့် ဧရာမဗုံးတစ်လုံးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၁ ရက်တွင် ဖမ်းဆီးခဲ့သော အကြမ်းဖက်သမားများအဖြစ်ယူဆရသူ ၁၉ ဦး၏ထုတ်ဖော်လမ်းပြမှုဖြင့် အဆိုပါဗုံးကြီးကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူများအနက် ခြောက်ဦးသည် ပြီးခဲ့သည့် လကဖြစ်ပွားခဲ့သော စာအိတ်ဗုံးများပေးပို့၍တိုက်ခိုက်ရန် ကြိုးပမ်းမှုများနှင့် ပတ်သက်မှုရှိသည်ဟု ဆိုသည်။

အစ္စလာမ္မစ်စစ်သွေးကြွများသည် အီစတာပွဲတော်မတိုင်မီ တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ရေးအတွက် ကြံစည်နေသည်ဟု ယုံကြည်ရကြောင်း အင်ဒိုနီးရှားလုံခြုံရေးထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စစ်ဘက်နှင့် ရဲတပ်ဖွဲ့ကို အသင့်အနေအထား ပြင်ထားပြီး ခရစ်ယာန်ဝတ်ကျောင်းများနှင့် အခြားမဟာဗျူဟာမြောက်နေရာများသို့ တပ်ဖွဲ့ဝင်များအား စေလွှတ်ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားသည်။

ဘာလီကျွန်းဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ၂၀၀၂ ခုနှစ်မှ စတင်၍ အင်ဒိုနီးရှားနိုင်ငံသည် အစွန်းရောက်ဝါဒီများ၏ အန္တရာယ်နှင့် ရင်ဆိုင်နေခဲ့ရသည်။

အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်နှင့် ဆက်နွှယ်သော စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က ဘာလီကျွန်းပေါ်ရှိ ညကပွဲရုံနှစ်ရုံကို ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ကမ္ဘာလှည့်ခရီးသည်အများအပြားအပါအဝင် လူ ၂၀၂ ဦးသေဆုံးခဲ့ရသည်။ **အေပီ။**

ဝတ်ကျောင်းအနီး ပေါက်ကွဲအား အလွန်ပြင်းထန်သော ဗုံးတစ်လုံးတွေ့ရှိပြီးနောက် အသင့်ပြင်ဆင်ထားသော အင်ဒိုနီးရှားရဲတပ်ဖွဲ့မှ ဗုံးရှင်းလင်းရေးအဖွဲ့ဝင်များ။

ကမ္ဘာတစ်ဝန်းလုံး၌ မှတ်တမ်းမတင်ရသေးသော ကျွန်းပေါင်း ခြောက်ရာကျော်တွေ့ရှိ

နယူးယောက် ဧပြီ ၂၁

ကမ္ဘာ့ပင်လယ်ပြင်များအတွင်းရှိ ကျွန်းသောင်ခုံများ အရေအတွက်သည် ယခင်က တွေးထင်ထားသည့် အရေအတွက်ထက် ၆၅၇ ကျွန်း ပိုမိုကြောင်း သုတေသနပညာရှင်များ၏ တစ်ကမ္ဘာလုံးဆိုင်ရာစစ်တမ်းတစ်ခုကို အခြေပြု၍ ဧပြီ ၁၉ ရက်သတင်းများတွင် ဖော်ပြသည်။

သုတေသနပညာရှင်များသည် ဂြိုဟ်တုဓာတ်ပုံများ၊ ကုန်းမြေပြောင်းလဲမှုပြမြေပုံများနှင့် ရေကြောင်းပြမြေပုံများကို အသုံးပြု၍ စူးစမ်းလေ့လာခဲ့ရာ ကမ္ဘာတစ်ဝန်းလုံးရှိ ကျွန်းသောင်ခုံ ၂၁၄၉ ကျွန်းကိုသာ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၀၁ ခုနှစ် လေ့လာချက်တွင် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်ကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ ကျွန်းသောင်ခုံ ၁၄၉၂ ကျွန်းကိုသာ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။၎င်းတို့ကို အန္တာတိကသမုဒ္ဒရာမှအပ ကျန်ကမ္ဘာ့သမုဒ္ဒရာအားလုံး၌ တွေ့ရှိရသည်။

ကမ္ဘာပေါ်၌ ရှိသမျှသော ကျွန်းသောင်ခုံများ၏ စုစုပေါင်း အလျားသည် မိုင်ပေါင်း ၁၃၀၀၀ ခန့်ရှိပြီး ကမ္ဘာ့တိုက်ကြီးများ စုစုပေါင်းကမ်းရိုးတန်းအရှည်၏ ၁၀ ရာခိုင်နှုန်းရှိသည်။ကျွန်းသောင်ခုံများသည် ကမ်းရိုးတန်းမြေနိမ့်ဒေသများကို ရေတိုက်စားမှုနှင့် မုန်တိုင်းတိုက်ခတ်မှုအန္တရာယ်များမှ ကာကွယ်ရာတွင် အထောက်အကူပြုပြီး တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားနိုင်ရေးအတွက် အရေးပါလာနိုင်သည်။

ကျွန်းသောင်ခုံများ အများဆုံးတည်ရှိသည့်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး စုစုပေါင်း ကျွန်းသောင်ခုံ ၄၀၅ ခု ရှိသည်။ **အင်တာနက်။**

ပူးပေါင်းလေ့ကျင့်ရန်ကာကွယ်ရေးတပ်ဖွဲ့ ယခုနှစ်ကုန်၌ ရုရှားဖွဲ့စည်းမည်

မော်စကို ဧပြီ ၂၁

ရုရှားနိုင်ငံသည် ယခုနှစ်ကုန်ပိုင်းတွင် ပူးပေါင်းလေ့ကျင့်ရန် ကာကွယ်ရေးတပ်ဖွဲ့များကို ဖွဲ့စည်းတည်ဆောက်မည်ဖြစ်ကြောင်း ရုရှားအာကာသကာကွယ်ရေးတပ်ဖွဲ့ တပ်မှူး ဗိုလ်ချုပ်အိုလက်ဂ်အော့စတာပန်ကိုက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဖြစ်လာနိုင်ဖွယ် ဒုံးကျည်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် တစ်ခုတည်းသော အမိန့်ပေးထိန်းချုပ်မှု စနစ်တစ်ရပ်ကို ရုရှားနိုင်ငံအနေဖြင့် ဖွဲ့စည်းရလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ လက်ရှိ အာကာသကာကွယ်ရေးတပ်ဖွဲ့များသည် မော်စကိုမြို့တော်၏ ကောင်းကင်ယံ လုံခြုံရေးကို တာဝန်ယူထားသည်။ မြို့တော်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများအပါအဝင် အုပ်ချုပ်ရေးဆိုင်ရာ ရုံးဌာနများ စက်ရုံ ၁၄၀ ကျော်ကို ယင်းတပ်ဖွဲ့များက လေကြောင်းရန်မှ အကာအကွယ်ပေးလျက်ရှိသည်။

လက်ရှိ လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေးတပ်ဖွဲ့များအတွက် ဒုံးကျည်ပစ်ခတ်မှု သတိပေးစနစ်နှင့် အာကာသထောက်လှမ်းရေးစနစ်တို့ကို အင်အားဖြည့်ဆည်းပေးခြင်းဖြင့် ပူးပေါင်းလေ့ကျင့်ရန်ကာကွယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းရန် ရုရှားသမ္မတ မက်ဗီဒက်ဗ်က မကြာသေးမီကပင် ညွှန်ကြားခဲ့ပြီးဖြစ်သည်။ **အင်တာနက်။**

ပါလက်စတိုင်း နိုင်ငံတော်သစ်ကို အစ္စရေးနိုင်ငံသား ထင်ရှားသူများထောက်ခံ

ဂျေရုဆလင် ဧပြီ ၂၁

အနောက်ဘက်ကမ်းဒေသ၊ ဂါဇာကမ်းမြောင်နှင့် အရှေ့ဂျေရုဆလင်တို့ ပါဝင်ဖွဲ့စည်းသည့် ၁၉၆၇ ခုနှစ် နယ်နိမိတ်သတ်မှတ်ချက်ကို အခြေပြုသော ပါလက်စတိုင်းနိုင်ငံတော်ကို အစ္စရေးနိုင်ငံသား ထင်ရှားသော ပညာရှင်များနှင့် အနုပညာရှင်များက ထောက်ခံခဲ့ကြကြောင်း ဧပြီ ၂၀ ရက်သတင်းများတွင် ဖော်ပြသည်။

၁၉၆၇ နယ်နိမိတ်သတ်မှတ်ချက်နှင့် အကျုံးဝင်သော ပါလက်စတိုင်းနိုင်ငံတော်ကို အစ္စရေးနိုင်ငံ၏ အရပ်ဘက် ဆိုင်ရာ အမြင့်ဆုံးဂုဏ်ထူးဆောင် ဆုတံဆိပ်များရရှိထားသူ ၁၃ ဦး အပါအဝင် နာမည်ကျော် ၄၇ ဦးတို့က ထောက်ခံခဲ့ကြသည်။

အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လုပ်ဆောင်နိုင်ခြင်း မရှိသည့်အခိုက် နိုင်ငံတော်သစ်ကို ကုလသမဂ္ဂက အသိအမှတ်ပြုရေးအတွက် ပါလက်စတိုင်းတို့၏ ကြိုးပမ်းမှုများကို မိမိတို့ထောက်ခံကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးပညာရှင် ၄၇ ဦးတို့၏ ထုတ်ပြန်ကြေညာချက်၌ အနောက်ဘက်ကမ်းဒေသမှ အစ္စရေးများထွက်ခွာရန်လည်း တိုက်တွန်းထားသည်။

အမေရိကန်ပြည်ထောင်စု ကမကထပြုသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပျက်ပြားခဲ့ရပြီးနောက် နိုင်ငံတော်သစ်ကို ကုလသမဂ္ဂက အသိအမှတ်ပြုရေးအတွက် ပါလက်စတိုင်းတို့က ကြိုးစားလျက်ရှိသည်။

ပါလက်စတိုင်းတို့၏ ကြိုးပမ်းမှုအား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျော်လွန်လုပ်ဆောင်မှုအဖြစ် အစ္စရေးနိုင်ငံက ရှုမြင်ဆန့်ကျင်လျက်ရှိသည်။ **အေပီ။**

တီဘီရောဂါလား၊ တီဘီဆေး သောက်ရမှာလား

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး)

IT နည်းပညာထွန်းကားတဲ့ ယနေ့ခေတ်မှာ ရောဂါဘယတွေကလည်း IT နည်းပညာလို တစ်မုဟုတ်ချင်း ပြန့်ပွားလွယ်လာသလို ကုထုံးတွေကလည်း အမျိုးမျိုးဆန်းသစ်လို့ လာပါတယ်။ တိုးတက်လာတဲ့ IT နည်းပညာပေါ် အခြေခံပြီး ပြည်သူတွေအနေနဲ့ကလည်း ယခင်ကနဲ့ မတူ ကျန်းမာရေးဗဟုသုတတွေ ရှာမှီးလို့ ကျန်းမာရေးအသိ ကြွယ်ဝနေကြပါပြီ။ ရောဂါတစ်ခုဖြစ်လာပြီဆိုရင် **'အနာသိရင် ဆေးရှိတယ်'** ဆိုတဲ့ စကားအတိုင်း ကုသရမယ့်နည်း ကုထုံးတွေကလည်း အဆင်သင့်ရှိပါတယ်။ ကုထုံးက အဆင်သင့်ရှိနေပေမယ့် ရောဂါအမျိုးအစားနဲ့ ရောဂါအဆင့်ပေါ် မူတည်ပြီး ဘယ်လိုအခြေအနေမှာ ကုသင့်လဲ၊ ဘယ်လိုဆေးတွေကို သောက်ရမလဲ။ ဘယ်လိုဘေးထွက်ဆိုးကျိုးတွေကို ခံစားရနိုင်လဲ စတာတွေကိုပါ သိရှိထားနိုင်ဖို့ လိုပါတယ်။ ဒါဆိုရင် ကျန်းမာရေး အသိပညာတွေကို ရှာဖွေလေ့လာရမှာပေ့ါ။ ဒီလိုလေ့လာရှာဖွေတဲ့ အချက်အလက်တွေကလည်း တိကျမှန်ကန်ပါမှ ပြည်သူတွေအတွက် အကျိုးများမှာပါ။ မှားယွင်းတဲ့အချက်အလက်တွေကိုသာ ရရှိသွားရင် မလိုလားအပ်တဲ့ အခြေအနေတွေကို ရင်ဆိုင်ရပြီး အပ်နဲ့ထွင်းရမယ့်နေရာကို ပုဆိန်နဲ့ ပေါက်ရသလို ဖြစ်တော့မှာပေ့ါ။ ဒါကြောင့် တီဘီရောဂါနဲ့ ပတ်သက်ပြီး ပြည်သူတွေ သိသင့်တဲ့ ဆေးသောက်ရမယ့်အခြေအနေ၊ သောက်သုံးသင့်တဲ့ ဆေးအမျိုးအစားနဲ့ ဆေးကုသမှုခံယူနေစဉ် ကြုံတွေ့ခံစားနိုင်တဲ့ ဘေးထွက် ဆိုးကျိုးတွေကို ကျွန်တော် ဒီဆောင်းပါးလေးနဲ့ တင်ပြပါရစေ။

တစ်နေ့က ကျွန်တော့်ဆီကို အသက် (၃၀) ဝန်းကျင် ပညာတတ်အမျိုးသမီးလူနာတစ်ယောက် လာတွေ့ပါတယ်။ သူက ကျွန်တော့်ဆီ ဆေးကုဖို့ လာတယ်ဆိုတာထက် ဆေးကုသမှုခံယူရင် ကောင်းမလား၊ မကောင်းဘူးလားဆိုတဲ့ သဘောနဲ့ တိုင်ပင်ဖို့လာတာ ဖြစ်ပါတယ်။ သူမရဲ့ ပြဿနာလေးက ဒီလိုပါ။ သူမက လည်ပင်းယားယားပြီး ချောင်းဆိုးတာ နှစ်ပတ်လောက်ရှိပြီး သလိပ်တော့ နည်းနည်းထွက်တယ်။ ကျန်တာတွေကတော့ ဘာမှမဖြစ်ပေမယ့် နှစ်ပတ်လောက်ကြာလာတော့ သံသယစိတ်ဝင်လာတယ်။ ပတ်ဝန်းကျင်က ပြောတာကြားဖူးထားသလို သတင်းမီဒီယာတွေကနေ အသိပညာပေးလုံ့ဆော်တာတွေကိုလည်း လေ့လာဖူးတဲ့အတွက် တီဘီတိုက်ဖျက်ရေးဌာန (National TB Program) ရှိတဲ့ မြို့နယ်ဒေသန္တရဆေးခန်းကိုသွားပြီး သလိပ်သုံးခွက်ကို စစ်ဆေးလိုက်ပါတယ်။ ပထမနေ့မှာ သလိပ်တီဘီပိုးမတွေ့ရပါဘူး။ ဒုတိယနေ့မှာတော့ Scanty ဆိုပြီး ထွက်တယ်။ တတိယနေ့ရောက်တော့ အဖြေက ဝမ်းပလပ်စ် (1+) ဆိုပြီးထွက်တယ်။ တီဘီပိုးရှိတယ်ပေ့ါ။ သူက အဲဒီသလိပ်တွေကို သွားပို့နေတဲ့ အချိန်အတွင်းမှာပဲ ဘီပိုးကာကွယ်ဆေးထိုးဖို့ Private Clinic တစ်ခုကို သွားခဲ့ပါတယ်။ ကာကွယ်ဆေးလည်းထိုးရင်း တီဘီနဲ့ပတ်သက်ပြီးတော့ စစ်ဆေးလို့ရတဲ့ စစ်ဆေးမှုလေးတွေ လုပ်ချင်တယ်ဆိုပြီးတော့ အဲဒီဆေးခန်းမှာ ထပ်စစ်ပါတယ်။ အဲဒီလို စစ်ဆေးတဲ့အထဲမှာ သလိပ်စစ်တာအပြင် သွေးဖောက်ပြီး စစ်တာလည်း ပါပါတယ်။ ဒီလိုနဲ့ အဖြေရလာတဲ့အချိန်မှာ Private Clinic က ထွက်လာတဲ့ သလိပ် သုံးခွက်လုံးရဲ့အဖြေက တီဘီပိုး လုံးဝမတွေ့ဘူးတဲ့။ နောက်သွေးကို စစ်ထားတဲ့အဖြေမှာလည်း တီဘီမရှိဘူးလို့ အဖြေထွက်ပါတယ်။

အဲဒီတော့ မိန်းကလေးက သူအရင်စစ်ဆေးထားတဲ့ ဒေသန္တရဆေးခန်းကိုသွားပြီး စစ်ဆေးချက်ကို ဘာဆက်လုပ်ရမလဲ မေးတဲ့အခါမှာ ဒေသန္တရဆေးခန်းက ဆရာဝန်က ဒေသန္တရဆေးခန်းရဲ့ သလိပ်အဖြေမှာ တီဘီပိုးတွေ့တယ်၊ တီဘီရောဂါရှိတဲ့အတွက် တီဘီဆေးသောက်ရမယ်လို့ ဆိုတယ်။ ဒီအချိန်မှာ သူမက အဲဒီဆရာဝန်ကို Private Clinic ကရတဲ့ ရလဒ်အဖြေတွေကိုပြတယ်။ အဲဒီအခါမှာ အဖြေနှစ်ခုက မတူဘူး ဖြစ်နေတာပေ့ါ။ အဲဒီတော့ ဆရာဝန်က Private Clinic က အဖြေကို ဖယ်လိုက်ပြီး ဒေသန္တရဆေးခန်းကအဖြေကို အတည်ယူပါ၊ တီဘီဆေးသောက်ပါ ဆိုပြီးတော့ တီဘီဆေးကို ညွှန်ပါတယ်။ ဒေသန္တရဆေးခန်းကပဲ တီဘီဆေးကို စတင်ထုတ်ပေးလို့ ကလေးမအနေနဲ့က တီဘီဆေးတွေရခဲ့တယ်။ ဒါပေမယ့် တီဘီဆေးတွေမှာ ဘေးထွက်ဆိုးကျိုးတွေ ရှိနေတာကို သိတဲ့အတွက် သောက်ဖို့ မသောက်ဖို့ ဝန်လေးနေတာပေ့ါ။

အဲဒါနဲ့ တတိယလူဖြစ်တဲ့ ကျွန်တော့်ဆီကို ရောက်ရှိလာပါတယ်။ သူက ကျွန်တော့်ဆီ မလာခင်မှာ တစ်ဆင့်ထပ်ပြီးတော့ သူ့သဘောနဲ့သူ ရင်ဘတ်ဓာတ်မှန် (Chest X'Ray) ရိုက်ခဲ့ပါသေးတယ်။ ရိုက်လိုက်တဲ့ ဓာတ်မှန်အဖြေကတော့ Rightbasal infection လို့ ရေးထားပါတယ်။ ဓာတ်မှန်ကို ကြည့်လိုက်ရင် အဆုတ်ရဲ့ ညာဘက်အောက်နားလောက်မှာ ဖြူဖြူဖွေးဖွေးလေး ဖြစ်နေတာပေ့ါ။ သဘောကတော့ အဆုတ်ကို ပိုးဝင်နေတယ်လို့ပဲ ပြောတာပါ။

တီဘီရယ်လို့လည်း ရေးထားတာတော့ မရှိဘူးပေ့ါ။ အဲဒီတော့ ဖြစ်နေတဲ့ ပြဿနာက သူမသည် တီဘီရောဂါတကယ်ဖြစ်နေတာလား၊ တီဘီရောဂါ မဟုတ်ဘဲနဲ့ တခြားပိုးဝင်နေတာလား၊ မသေချာဘဲနဲ့ တီဘီဆေးသောက်ရမယ်ဆိုတာကို လက်ခံလိုက်ရမှာလား၊ တကယ်လို့များ မှားပြီး သောက်လိုက်မယ်ဆိုရင် သူ့ရဲ့အသည်း ပျက်စီးသွားမှာလား (နဂိုကတည်းက အသည်းထိခိုက် ပျက်စီးမှာစိုးရိမ်လို့ ကာကွယ်ဆေးတွေတောင် ထိုးတဲ့သူဖြစ်နေတော့) သူ့အတွက် ဝေခွဲမရဘဲ စဉ်းစားစရာတွေ ဖြစ်နေတာပေ့ါ။

သူ့အတွက် စဉ်းစားစရာများသလို ကျွန်တော့်အတွက်ကလည်း စဉ်းစားပြီးပြန်ဖြေရမယ့် အဖြေက တစ်ပုံတစ်ပင်ဖြစ်နေပါတယ်။ တကယ်ဖြေရမှာကတော့ တီဘီဆေးကို သောက်လိုက်ပါ၊ ဒါမှမဟုတ် တီဘီဆေးကို လုံးဝမသောက်ပါနဲ့ဆိုတဲ့အထဲက အဖြေတစ်ခုပဲ ဖြစ်မှာပါ။ ဒါပေမယ့် အကျိုးအကြောင်း ခိုင်လုံစွာပြောနိုင်မှ၊ ဖြေရှင်းနိုင်မှလည်း သောက်ရမယ် ဆိုရင်လည်း သောက်ရတဲ့အကြောင်း၊ မသောက်ရဘူး ဆိုရင်လည်း မသောက်ရတဲ့အကြောင်းကို သေသေချာချာ နားလည်သဘောပေါက်ပြီး ဘဝင်ကျသွားမှာ ဖြစ်ပါတယ်။

ဒီတော့ ပထမဆုံး ပြဿနာဖြစ်တဲ့ အဆုတ်တီဘီရောဂါ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတဲ့ အချက်ဟာ သလိပ်အဖြေနဲ့ပတ်သက်ပြီး ကွဲလွဲမှုရှိနေတဲ့ အချက်ပေါ် မူတည်တာပါပဲ။ ဒီအချက်ကို ဖြေရမယ်ဆိုရင် သလိပ်ထဲမှာ တီဘီပိုးကို ဓာတ်ခွဲခန်းတစ်ခုက တွေ့တယ်၊ ဓာတ်ခွဲခန်းတစ်ခုက မတွေ့ဘူး ဆိုတာက စစ်တဲ့ဓာတ်ခွဲခန်းတစ်ခုတည်းအပေါ် မှာပဲ မူတည်တာ မဟုတ်ဘဲနဲ့ သလိပ်ကို ထုတ်ပေးတဲ့ လူနာအပေါ် လည်း မူတည်နေတယ်ဆိုတဲ့ အချက်၊ ဘယ်အချိန်မှာ သလိပ်ကို ယူတယ်၊ သလိပ်ကို ဘယ်ထဲမှာ ထည့်ပြီးတော့ ယူသွားတယ်ဆိုတဲ့အချက်တွေ အပေါ် မှာလည်း မူတည်ပါတယ်။ လူနာက သလိပ်ကို ပေးတဲ့နေရာမှာ သလိပ်ဖြစ်ရပါမယ်၊ တံတွေးမဖြစ်ရပါဘူး။ သလိပ်ဆိုတာက လေပြွန်၊ အဆုတ်ထဲကနေပြီးတော့ ထွက်လာတဲ့အရာ ဖြစ်ပါတယ်။ တံတွေးဆိုတာကတော့ ပါးစပ်ထဲက တံတွေးဂလင်းတွေကနေ ထွက်တာ ဖြစ်ပါတယ်။ တီဘီပိုးက အဆုတ်နဲ့ လေပြွန်ထဲမှာပဲရှိတဲ့အတွက် အဆုတ်နဲ့လေပြွန်ထဲက သလိပ်ကို မှန်မှန်ကန်ကန် ထုတ်ပေးတတ်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ အဖြေ အမှား၊ အမှန်ဟာ လူနာကစပြီး မူတည်ပါလိမ့်မယ်။ ဓာတ်ခွဲခန်းနှစ်ခုကို သလိပ်ပို့တဲ့ နေရာမှာ သလိပ်သုံးခွက်ကို စစ်ဖို့ ပို့တဲ့ရက်၊ ပို့တဲ့အချိန်မတူလို့ ပို့ရတဲ့ သလိပ်ကလည်း တူမှာမဟုတ်ပါဘူး။ ဒီအချက်ပေါ် မူတည်ပြီးတော့မှ တွေ့တယ်၊ မတွေ့ဘူး။ တွေ့ရင်လည်း နည်းနည်းပဲတွေ့တယ်၊ များများတွေ့တယ် စသဖြင့် ကွဲလွဲချက် ရှိနိုင်ပါတယ်။

သလိပ်ထုတ်ပေးတဲ့ အချိန်အခါ၊ ထုတ်ပေးတဲ့ပမာဏ၊ ထုတ်ပေးတဲ့ သလိပ်လား၊ တံတွေးလား စတာတွေပေါ် မူတည်ပြီးတော့ အဖြေက ကွဲလွဲမှု ရှိနိုင်ပါတယ်။ နောက်တစ်ခုကတော့ မနက်ပိုင်းစောစော အိပ်ရာထချိန်မှာ ထွက်တဲ့ သလိပ်က တီဘီပိုးကိုတွေ့နိုင်ဖို့ အခွင့်အလမ်း ပိုများတယ်။ ဒါကြောင့်မို့လို့ ထုတ်ပေးတဲ့အချိန်အခါပေါ် မှာလည်း မူတည်ဦးမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ သလိပ်ထုတ်ပြီး ထည့်ပေးတဲ့ခွက်ပါ။ ခွက်က သန့်ရှင်းရဲ့လား၊ တစ်ခါသုံးခွက်ဖြစ်ရဲ့လား၊ ဒါမှမဟုတ် ထပ်ကာထပ်ကာ သုံးနေတဲ့ခွက်များ ဖြစ်နေသလားဆိုတာကိုလည်း စဉ်းစားစရာပါပဲ။ ဒါပေမယ့် ယခုခေတ်ဆေးခန်းတွေမှာ သုံးတာကတော့ တစ်ခါသုံးခွက်တွေ ဖြစ်တဲ့အတွက် ဒီပြဿနာတော့ ရှိမယ်မထင်တဲ့ အကြောင်းကိုလည်း သူ့ကို ရှင်းပြရပါတယ်။

နောက်တစ်ခုကတော့ သလိပ်ကို စစ်ဆေးတဲ့အခါမှာ စစ်ဆေးတဲ့သူ (ဓာတ်ခွဲမှူး)ရဲ့ ကျွမ်းကျင်မှုကလည်း လိုပါတယ်။ သလိပ်ကနေ တီဘီပိုး ရှိ၊ မရှိစစ်တာဟာ တကယ်တော့ အခြေခံအကျဆုံးစမ်းသပ်မှု (Basic Investigation) ထဲမှာ ပါပါတယ်။ ဒါပေမယ့် ကျွမ်းကျင်မှု ဆိုတာ နေရာတိုင်းမှာ လိုပါတယ်။ သလိပ်ကို မှန်ဘီလူးနဲ့ ကြည့်ဖို့အတွက် မကြည့်ခင်မှာ ပြုပြင်ရတဲ့ Preparation တွေ ရှိပါသေးတယ်။ ဒီတစ်ခါမှာ တစ်ခုခုချို့ယွင်းခဲ့မယ်ဆိုရင် ပိုးရှိလျက်သားနဲ့ မတွေ့တာ၊ ပိုးမရှိဘဲနဲ့ တွေ့တာ စတဲ့အမှားတွေ ဖြစ်နိုင်တာပေ့ါ။ အမျိုးသား တီဘီတိုက်ဖျက်ရေးဌာန (National TB Program) မှာ တာဝန်ထမ်းဆောင်နေကြတဲ့ သလိပ်တီဘီပိုးစစ်ဆေးသူတွေဟာ ကျွမ်းကျင်လက်မှတ်ရပြီးသားသူတွေ၊ သေသေချာချာ လေ့ကျင့်မှုယူထားပြီးသူတွေဖြစ်လို့ သူတို့ရဲ့ အရည်အချင်းနဲ့ ကျွမ်းကျင်မှုကိုတော့ ကျွန်တော်တို့ ယုံကြည်မိပါတယ်။

နောက်တစ်ချက်ကတော့ သလိပ်ထဲမှာပါတဲ့ပိုးရဲ့ ပြဿနာပါပဲ။ သလိပ်ထဲမှာ တီဘီပိုးတွေ့ဖို့အတွက် နေရာပေါင်းများစွာကို စစ်ဆေးကြည့်ရတာဖြစ်ပြီး တွေ့တဲ့အခါမှာ အဖြေတွေ ကတော့ scanty ဆိုတာဖြစ်နိုင်သလို ဝမ်းပလပ်စ် (1+)၊ တူးပလပ်စ် (2+)၊ သရီးပလပ်စ် (3+)၊ Abundant စသဖြင့် ဖြစ်နိုင်ပါတယ်။ ဝမ်းပလပ်စ်ရဖို့အတွက် သလိပ် ဝမ်းစီစီ (1^{cc}) မှာ ပိုးအကောင်ရေပေါင်း ၄၀၀၀၊ တူးပလပ်စ်ရဖို့အတွက်ဆိုရင် ပိုးအကောင်ရေ ၄၀၀၀၀ စသဖြင့်ပါမှ ဖြစ်ပါတယ်။ ပိုးကောင်ရေ ရာဂဏန်းပါရုံနဲ့ တီဘီပိုးကို မတွေ့ရတတ်ပါဘူး။ ဒါကြောင့်မို့လို့ မတွေ့ဘူးဆိုတာနဲ့ မရှိဘူးဆိုတာ နှစ်ခုဟာ ကွဲပြားတယ်ဆိုတဲ့အချက်ကိုလည်း သဘောပေါက်အောင် ရှင်းပြရပါတယ်။ အဲဒီတော့ တွေ့တယ်လို့ ပြောရင် သလိပ် 1^{cc} မှာ ပိုးအကောင်ရေ ထောင်ဂဏန်းလောက်ရှိနေပြီလို့ ပြောရမယ်။ အဖြေမှာလည်း တွေ့ရင် 'seen' လို့ပဲ ရေးတာ၊ ဝမ်းပလပ်စ်၊ တူးပလပ်စ်လို့ရေးတာ၊ အကယ်၍ မတွေ့ရင် မရှိဘူး (not pre- sent) လို့ မရေးဘူး၊ မတွေ့ဘူး (Not Seen) လို့ပဲ ရေးတာပါ။ ဒါကြောင့်မို့လို့ not seen လို့ရေးထားရင် ရောဂါပိုးမရှိဘူးလို့ပြောတာ မဟုတ်ဘူး၊ မတွေ့ဘူးလို့ပဲ ပြောတာဖြစ်ပါတယ်။ ဒီအချက်ကိုလည်း လူနာကိုလည်း နားလည်အောင် ရှင်းပြရပါတယ်။ ဒါကြောင့်မို့လို့ အဖြေတစ်ခုမှာ ပိုးတွေ့ လိုက်ပြီဆိုတာနဲ့ တီဘီရောဂါလို့ သတ်မှတ်ဖို့ တော်တော်လေးနက်နေတယ်ဆိုတဲ့အချက်နဲ့ နောက်တစ်ခုက ဒေသန္တရဆေးခန်းက စစ်ထားတဲ့ အဖြေမှာ နှစ်ရက်တောင် ပိုးတွေ့ထားတာဖြစ်တဲ့အတွက် ဒီအဖြေဟာ တော်တော်ခိုင်မာနေတယ်ဆိုတာပါ နားလည်အောင် ရှင်းပြရပါတယ်။

နောက်ပြဿနာတစ်ခုကတော့ ဓာတ်မှန်ရိုက်တဲ့ အချက်ပါပဲ။ ဓာတ်မှန်က ထွက်လာတဲ့ အဖြေက စောစောကပြောသလို အဆုတ်ပိုးဝင်တာ (Infection) ဆိုပြီး ပေါ်တာရှိသလို အဆုတ် တီဘီရောဂါ (TB Disease Pulmonary TB / Koch's Lung) လို့ဆိုပြီး ပေါ်တာရှိပါတယ်။ ခက်တာက အဆုတ်ဓာတ်မှန်မှာ တွေ့ရတဲ့အရိပ်ဟာ အဖြူနဲ့ အမည်းပဲဖြစ်ပါတယ်။ အဖြူနဲ့ အမည်းဖြစ်တဲ့အတွက် တိကျပြတ်သားတဲ့ အဖြေကို ပေးဖို့ဆိုတာ ရံဖန်ရံခါမှာ အလွန်ခက်ခဲတတ်ပါတယ်။ တီဘီရောဂါ (TB Disease) ရယ်လို့ တိတိကျကျပြောနိုင်လောက်တဲ့ ဓာတ်မှန် ပုံရိပ်တွေရှိပေမယ့် တစ်ခါတလေမှာ တီဘီဟုတ်ပေမယ့်လည်း တီဘီလို့ ထင်ထင်ရှားရှား သိသိသာသာ မပြောနိုင်တဲ့ အခြေအနေလေးတွေလည်း ရှိတတ်ပါတယ်။ ဒီအခါမျိုးတွေမှာတော့ ကျွန်တော်တို့ ဆရာဝန်တွေက ဓာတ်မှန်ဆရာဝန်ရဲ့ report ကို လူနာရဲ့ အခြေအနေနဲ့ နှိုင်းယှဉ်ပြီးတော့ ဆုံးဖြတ်ရတာမျိုး တွေရှိပါတယ်။ ဓာတ်မှန်ဆရာဝန်ရဲ့ အဖြေကတော့ တွေ့တာကိုပဲ ရေးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စောစောကပြောသလို infection ဆိုတာမျိုးနဲ့ လာတတ်ပါတယ်။ တီဘီကလည်း infection ပဲဖြစ်ပါတယ်။ တခြားပိုးမွှားတွေ ဝင်ရင်လည်း infection ပါပဲ။ infection ဆိုတာ အဆုတ်ထဲကို ပိုးဝင်သွားတယ်လို့ပဲ ယူဆတာဖြစ်ပါတယ်။ ဘာပိုးရယ်လို့ တိတိကျကျ မပြောနိုင်ပါဘူး။

အဆုတ်ဓာတ်မှန်ရဲ့ သဘောအရတော့ တီဘီက အဆုတ်ရဲ့ အပေါ်ပိုင်း၊ ထိပ်ပိုင်းနဲ့ အလယ်ပိုင်းတွေမှာ ဖြစ်တတ်ပေမယ့် ဒီကလေးမရဲ့ ဓာတ်မှန်မှာတော့ Basal Infection လို့ ရေးထားတဲ့အတွက် အဆုတ်ရဲ့ အောက်ပိုင်းမှာ ပိုးဝင်နေတာလို့ အဓိပ္ပာယ်ရပါတယ်။ ဒါဆိုရင် တီဘီဖြစ်ဖို့ အခွင့်အလမ်းကရှိပေမယ့် နည်းတာပေ့ါ။ တခြားပိုးတွေများဖြစ်နေမလား၊ ဒါပေမယ့် တီဘီမဟုတ်ဘူးရယ်လို့လည်း မပြောနိုင်ပြန်ဘူး။ တီဘီကလည်း ဖြစ်တော့ဖြစ်နိုင်လို့ စဉ်းစားတဲ့အထဲမှာ ထည့်သွင်းထားပေမယ့် တီဘီရယ်လို့ တဲ့တိုးကြီးမပြောနိုင်လို့ အဆုတ်ပိုးဝင်တယ်လို့ပဲ ရေးထားတာဖြစ်ပါတယ်။ ဒီအဖြေတစ်ခုတည်းနဲ့တော့ တီဘီဆေးကို သောက်ဖို့ မသောက်ဖို့ဆိုတာကို ဆုံးဖြတ်ရခက်တာပေ့ါ။

ဒီကလေးမရဲ့ အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် ပထမအချက်ဖြစ်တဲ့ ချောင်းဆိုးနေတာ နှစ်ပတ်လောက်ရှိပြီ၊ သလိပ်လည်း ထွက်တယ်ဆိုတာက တီဘီအပါအဝင် တခြားသော ရောဂါပိုးတွေ အဆုတ်ထဲဝင်နေတာကို ပြပါတယ်။ ဒုတိယအချက်အနေနဲ့ သလိပ်ကို စစ်ဆေးတဲ့အခါမှာ တစ်နေရာမှာတွေ့တယ်၊ တစ်နေရာမှာ မတွေ့ဘူး။ သို့သော် သူစစ်ဆေးတဲ့နေရာဟာ အမျိုးသား တီဘီတိုက်ဖျက်ရေး (National TB Program) ရှိတဲ့နေရာမှာ စစ်ထားတာဖြစ်တဲ့အတွက် ဒီစစ်ဆေးချက်ဟာ အတော်ခိုင်လုံပါတယ်။ ဒါကြောင့်မို့လို့ တီဘီဆေးသောက်သင့်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ ဓာတ်မှန်ရဲ့ အဖြေပါပဲ။ ဓာတ်မှန်မှာ အဆုတ်ထဲကို ပိုးဝင်နေတယ် ဆိုတဲ့အချက်ကို တွေ့ထားပါတယ်။ တီဘီ ဖြစ်နေကျနေရာ မဟုတ်သော်လည်းပဲ ပိုးဝင်ထားတာ တွေ့နေရတယ်။ ချောင်းဆိုးတယ်၊ သလိပ်ထဲမှာလည်း တီဘီပိုးတွေ့ထားတယ်ဆိုရင်တော့ ဒီသုံးချက်ဟာ တီဘီရောဂါဖြစ်ကြောင်း အတော်ခိုင်လုံစေပါတယ်။ ဒါကြောင့်မို့လို့ ဒီကလေးမကို တီဘီဆေးသောက်ဖို့ တိုက်တွန်းသင့်ပါတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာ သူက သွေးပါထပ်စစ်ထားပါသေးတယ်။ သွေးစစ်ထားတဲ့ အဖြေကတော့ ICT TB လို့ခေါ်တဲ့ ပဋိပစ္စည်းကို စစ်တာဖြစ်ပြီး negative (မရှိဘူး)လို့ ထွက်နေပြန်တယ်။ အဲဒီတော့ တီဘီရောဂါမဟုတ်ဘူးဆိုတဲ့ ဘက်ကို ရောက်သွားပြန်ပါတယ်။ ဒါပေမယ့် ဒီ test တွေဟာ ရာနှုန်းပြည့်မှန်တာ မဟုတ်ပါဘူး။ အထူးသဖြင့် ICT TB ဟာ အတွေ့အကြုံအရ ပြောရရင် မသေချာတဲ့ စမ်းသပ်မှုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ test ကို ရောဂါခိုင်မာစေဖို့ ပံ့ပိုးမှုအနေနဲ့သာ ယူရမှာဖြစ်ပြီး လုံးဝကြီး အားကိုးလို့မရဘူးဆိုတဲ့ အချက်ကို စိတ်ထဲမှာ မှတ်ထားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကလေးမဟာ 'ICT TB negative' ဖြစ်တာနဲ့ တီဘီဆေးမသောက်ရတော့ဘူးရယ်လို့တော့ အဓိပ္ပာယ်မရပြန်ပါဘူး။ ဒါကြောင့်မို့လို့ တီဘီဆေးကိုသောက်ဖို့ တိုက်တွန်းရပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

❖ ကျောဖုံးမှ

ယခုဖွင့်လှစ်သောသင်တန်းသည် နေပြည်တော်ခရိုင်အတွင်း ကျေးရွာများမှ တောင်သူလယ်သမားလူငယ်များအား ပထမဆုံးဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလ၁၂ပတ်ကြာမြင့်မည်ဖြစ်ကာ သင်တန်းသား ၄၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ရွှေတောင် ဝါသုတေသနနှင့် မျိုးသန့်ခြံသို့ရောက်ရှိပြီး သုတေသနလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ငွေချည်(၆)ဝါကို တစ်ဧက ပိဿာ ၁၀၀၀ ထွက်ရှိအောင် စံပြစိုက်ပျိုးထုတ်လုပ်ရန်၊ သုတေသနအဆင့်မှ တောင်သူများလက်ဝယ်ရောက် ပို၍မျိုးကောင်းပြီး ပိုးမွှားရောဂါဒဏ် ခံနိုင်သော ငွေချည်(၆)ဝါမျိုးများကို အရှိန်အဟုန်ဖြင့် ထုတ်လုပ်ပေးရန် မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ဝါနှင့် ပိုးချည်လုပ်ငန်းနှင့် တောင်သူတို့ ပူးပေါင်း၍ ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ၌ မိုးကြိုစိုက်ပျိုးထားသော နှစ်ပတ်သားအရွယ် ၇၅၅ ဧက ငွေချည်(၆)ဝါ စိုက်ခင်းကို ကြည့်ရှုအားပေးပြီး ဝါစိုက်တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တည်ဆောက်ရေးလုပ်ငန်းများ မွန်ပြည်နယ် ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက် ဧရိယာ ၅၁ ဒသမ ၈၁ ဧကရှိ မြေကွက်၌ Asia World ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှု၊ မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်သစ် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဘဲရမ်းစံပြကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဝန်ကြီးချုပ်က ဘဲရမ်းအဆင့်မြင့် လယ်ယာမြေ ဖော်ထုတ်ရေးနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအား ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာလူထု ပူးပေါင်း၍ ငွေကျပ်သိန်း ၆၆၀ အကုန်အကျခံ တည်ဆောက်လျက်ရှိသည့် အရှည် ၁၀၅ ပေ၊ အကျယ်၁၅ ပေရှိ ကော့ပရံ-ကတုံးပေါ်-ဘလောက်-ညောင်ဝိုင်းတံတား တည်ဆောက်နေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် မုဒုံမြို့နယ် ကန်ကြီးအတွင်း ငွေကျပ်သိန်းပေါင်း ၂၁၈ သိန်း အကုန်အကျခံတည်ဆောက်လျက်ရှိသည့် အလျား ၂၂ ပေခွဲ၊ အနံ ၂၂ပေခွဲ၊ အမြင့် ၁၈ ပေရှိ နှစ်ထပ်ရေပေါ်နားနေဆောင် တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ ဆင်မှမအကြိမ်မြောက်မှ

လူမှုစီးပွားဘာသာရပ်အတွက် “နိဂုံးမဟုတ်သော နိဂုံး သို့မဟုတ် ရေနံစွမ်းအင်၏ စိန်ခေါ်မှုများ” စာအုပ်ဖြင့် ဝင်းထွန်းဇော် တို့ဖြစ်ကြသည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၌ မေ ၁ ရက်တွင် ကျင်းပမည်ဖြစ်၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၃၇၄၄၀၀၊ ၃၉၂၉၈၂ နှင့် ၃၈၅၂၉၃ တို့သို့ အမြန်ဆက်သွယ် သတင်းပို့ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း သိရှိရသည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် ဆင်မှမအကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၀၉ခုနှစ်အတွက် ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်းဆု ၁၀ ဆု ချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် လူငယ်စာပေ၊ နိုင်ငံတကာရေးရာနှင့် အသုံးချ သိပ္ပံဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆု ခုနစ်ဆုသာ ချီးမြှင့်မည်ဖြစ်ပြီး သုတစွယ်စုံတစ်သက်တာစာပေဆုအတွက် ငွေကျပ်ခြောက်သိန်းနှင့် ဘာသာရပ်ဆိုင်ရာဆုများအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကံသိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းသန်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မဈေးကြီးရှေ့ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြစဉ်။

(မြို့နယ်ပြန်/ဆက်)

လှိုင်မြစ်ကျော်တာဝါတိုင်နှင့် အလုံပင်မဓာတ်အားခွဲရုံတို့ရှိ တည်ဆောက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဧပြီ ၂၀ ရက်တွင် လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆိပ်ကြီးဘက်ကမ်းရှိ အမြင့် ၄၆၂ပေ (အလေးချိန်၃၁၆တန်)ရှိသော မြစ်ကျော် တာဝါတိုင်တပ်ဆင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး အမှတ်(၃) တာဘိုင်စက် Extension Joint အစားထိုး တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ 230/66/11KV 2X100 MVA၊ အလုံပင်မဓာတ်အားခွဲရုံ Switch Yard တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တည်ဆောက်ရေး စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❊ ပန်းတိုင်အထွက်နှုန်းမှ

ထွက်ရှိရေးအတွက် အဓိကအချက်ဖြစ်တဲ့ မျိုးကောင်း မျိုးသန့် ပြောင်းလဲအသုံးပြုရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ လိုက်နာအသုံးပြုရေး၊ သွင်းအားစုများ အချိုးအစားမှန်ကန်စွာ အသုံးပြုရေးနဲ့ အလေအလွင့်နည်းပါးရေး စတဲ့အချက်တွေက မြန်မာတောင်သူတွေ ဂရုပြုလေ့လာ ကျင့်သုံးစရာတွေပါ။

ဒါမှသာ စစ်ကြိုခေတ်က ဆန်စပါးကို အများဆုံး ထုတ်လုပ်တင်ပို့ ရောင်းချခဲ့ဖူးတဲ့ ရွှေရောင်တောက်ပတဲ့ ရွှေမြန်မာတွေခေတ်ကို ပြန်လည်တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ရေခံမြေခံကောင်းတဲ့ ပြည်မြန်မာအတွက် ဒါဟာ လက်တစ်ကမ်းပါ။ သို့သော် ယခုထက်ကောင်းမွန်တဲ့ သီအိုရီတစ်ခုကို တွေ့ရှိထားပါလျက်နဲ့ မူလသီအိုရီ တစ်ခုတည်းကိုပဲ တရားသေ ဆုပ်ကိုင်ပြီး အိပ်မောကျနေရင်တော့ မြန်မာတောင်သူတွေ မျက်မှောက်ခေတ်ကြီး ထဲမှာ ကျန်ရစ်ဖြစ်နေကြဦးမှာပါပဲ။

ဒီအတွေး၊ ဒီအယူအဆတွေက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှာရှိတဲ့ ခေတ်မီစက်မှုလယ်ယာစံပြ စိုက်ပျိုးရေး အထူးဇုန် ဇုန်(၁)နယ်မြေ အကွက်အမှတ်(၄)စပါးစိုက်ကွင်းကအပြန်မှာ ဖြစ်ပေါ်လာတဲ့ ယောနိသောမနသိကာရစိတ်စေတနာ သဒ္ဒါတရားတွေပဲဖြစ်ပါတယ်။

ဂိမန္တရာသီမှာ ပွင့်ဖူးတဲ့ စိမ်းမြမြ စပါးခင်းကြီးတွေက အပဲတိတိရစ္ဆာန်ဖြစ်တဲ့ ဗျိုင်းအုပ်တွေတောင် ဝသန္တရာသီ အလားထင်မှတ်မှားပြီး အလည်လာကြတဲ့အထိပါပဲ။ မယုံရင် သွားလေ့လာကြည့်ပါ။ တကယ်ပါ။

“တစ်ဧကကို စပါး(အစို)၂၆၀ တင်း ထွက်ရှိမယ်လို့ ခန့်မှန်းထားကြောင်း၊ ပင်ပွားနှုန်းက တစ်ပင်စိုက်လျှင် ကိုးပင်ပွားကြောင်း၊ ပျမ်းမျှတစ်နှံပါ အောင်စေ့ ၂၈၂ စေ့အထိ ရှိကြောင်း၊ စပါးမျိုးမှာ စပ်မျိုးစပါး F_1ဖြစ်ကြောင်း၊ မျိုးကောင်း၊ မျိုးသန့် စပ်မျိုးများကို သိပ္ပံနည်းကျစိုက်ပျိုးမှ တောင်သူများ ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း” စိုက်ခင်းတာဝန်ခံ လုပ်ငန်းရှင် ဦးကျော်မြင့်က ရှင်းပြခဲ့ပါတယ်။

အချိန်ရခိုက်မှာ ဆက်ပြီးရှင်းလင်း ပြောကြားပေးခဲ့တာတွေကလည်း တောင်သူတွေအတွက် ပိုပြီး အကျိုးရစရာပါ။

“F_1စပ်မျိုးစပါးမျိုးစေ့က တစ်ဧကကို ခုနစ်ကီလိုသာ သုံးစွဲရတဲ့အတွက် မျိုးကုန်ကျစရိတ်သက်သာတယ်။ နည်းနည်းစိုက်ပြီး များများရတာပေါ့။ အခု ကျွန်တော်စိုက်ထားတာ အနည်းဆုံး တစ်ဧကကို တင်း ၁၀၀ကျော်ပြီး စံပြကွက်ကတော့ တစ်ဧကကို စပါးအစို ၂၆၁တင်း ထွက်ရှိပါလိမ့်မယ်။ အထွက်ကောင်းသလို စားလို့လည်းကောင်းတယ်။ ဈေးကွက်လည်းရှိတဲ့အတွက် တောင်သူတွေ စမ်းသပ်စိုက်ပျိုးစေချင်တယ်။ စိုက်နည်းစနစ်နဲ့ မျိုးပြောင်းမှ အကျိုးအမြတ် ပိုရကြောင်း ကိုယ်တိုင်စိုက်ကြည့်မှ ပိုသိလာရပါတယ်။”

လက်တွေ့စိုက်ပျိုးသူတစ်ဦးရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေက စိတ်ဝင်တစား ဆွဲဆောင်မှုကောင်းလှသလို နွေနေ့လယ်ခင်းရဲ့ နေ့တစ်နေ့မှာ လေပူတွေကို အန်တုပြီး ယိမ်းနွဲ့ကခုန်နေတဲ့ နွေစပါးခင်းကြီးရဲ့ မြင်ကွင်းကလည်း ကြည့်မဝစရာပါ။

“လက်ရှိ နွေစပါးရာသီမှာ F_1စပ်မျိုးစပါးဧက ၁၀၀ စိုက်ပျိုးထားပါတယ်။ မိုးစပါး ရာသီမှာတော့ F_1စပ်မျိုး မိုးစပါးဧက ၅၀၀ အနည်းဆုံးစိုက်ဖို့ ဆောင်ရွက်နေပါတယ်။ စပ်မျိုးစပါးကို အခုမှ စိုက်တာ မဟုတ်ပါဘူး။ ၂၀၀၀ ပြည့်နှစ်ကျော် ကတည်းက မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့တွေမှာ စိုက်ခဲ့ဖူးပါတယ်။

လက်ရှိမှာ F_1 စပ်မျိုးစပါးရဲ့ မျိုးကို ကိုယ်တိုင်ထုတ်လုပ်နိုင်ပါပြီ။ တောင်သူတွေလိုအပ်ရင် သင့်တင့်သော ဈေးနှုန်းနဲ့ ပြန်လည်ဖြန့်ဝေပေးသွားပါမယ်။ နည်းပညာပိုင်းကိုလည်း ဆင့်ပွားမျှဝေသွားပါမယ်။ ရည်ရွယ်ချက်ကတော့ ဘဝတူ တောင်သူတွေ ဝင်ငွေပိုမိုတိုးတက်လာဖို့ပါ။ နည်းနည်းစိုက်ပြီး များများ အကျိုးအမြတ်ရမှာဖြစ်တဲ့အတွက် အချိန်ဆိုင်းဖို့မသင့်ဘူး။တစ် ဧကအထွက် တင်း ၁၀၀အထက် ထွက်ရှိရေးဆိုတာ တကယ်တော့ လက်တစ်ကမ်းမှာပါ။”

မှန်ပါတယ်။ တောင်သူတွေကို ဝင်ငွေပိုမိုဖွံ့ဖြိုးတိုးတက်စေမယ့် တစ် ဧကပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ အထက် ရရှိစေဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ စိုက်ပျိုးရေးသုတေသန ဌာနများမှာ စပ်မျိုးစပါးထုတ်လုပ်ရေးနဲ့ သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်ကို တောင်သူများထံ ဖြန့်ဝေပညာပေးမှုများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အနာဂတ်ပြည်မြန်မာရဲ့ လယ်ယာတစ်ခွင်လုံးမှာ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည်နှင့်အမျှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်း ပျမ်းမျှတင်း ၁၀၀ အထက် ထွက်ရှိလာရေးဟာ တကယ့် လက်တစ်ကမ်းမှာပါ၊ ထို့အတူ F_1စပ်မျိုးစပါး မျိုးစေ့များကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်သည်နှင့်အမျှ တစ်ဧကတင်း၂၀၀အထက်ထွက်ရှိရေးဟာလည်း အလှမ်းမဝေးတော့ပါ။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှာရှိတဲ့ ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်ရှိ စပ်မျိုးစပါးခင်းကြီးက လက်တွေ့ သက်သေပြလျက်ရှိကြောင်းပါ။ ။



ခေတ်မီ စက်မှု လယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန် ဇုန်(၁) နယ်မြေ အကွက် အမှတ်(၄)ရှိ F_1စပ်မျိုး နွေစပါးစိုက်ခင်းကြီး၏ အောင်မြင်ဖြစ်ထွန်းမှုက အားရစရာ။



အောင်သီရိဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်းမှ ဒေါက်တာသင်းနိုင်ဦး ဦးဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ကျေးရွာများမှ သွားနှင့်ခံတွင်း ဝေဒနာရှင်ပြည်သူများအား အခမဲ့ကုသပေးကြစဉ်။ (သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ သွားနှင့်ခံတွင်းဝေဒနာရှင်များအား အခမဲ့ကုသ

နေပြည်တော် ဧပြီ ၂၁

အောင်သီရိဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်းမှ ဒေါက်တာသင်းနိုင်ဦး ဦးဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများသည် ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ အခြေပြု၍ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ သွားနှင့်ခံတွင်း ဝေဒနာရှင်ပြည်သူများအား အခမဲ့ကုသပေးကြသည်။

သွားဘက်ဆိုင်ရာ ဆရာဝန်များသည် သွားရောဂါဝေဒနာရှင်များအား ဦးစွာ စမ်းသပ်စစ်ဆေးပေးကြပြီး ကုသရန်လိုအပ်သည့် ဝေဒနာရှင်များအား သွားဖာခြင်း၊ သွားနုတ်ခြင်းနှင့် သွားဆေးထည့်ခြင်းများ ကုသ ဆောင်ရွက်ပေးကြသည်။

ဆောင်ရွက်ပေး

ယနေ့ကုသမှုတွင် ဝဲကြီးကျေးရွာအုပ်စုနှင့် ပုဇွန်ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းကုန်း၊ ကျောက်ခွက်၊ သရက်ပင်၊ အင်းတိမ်၊ ကန်စွန်းအင်၊ ကန်သာ၊ သူဌေးကုန်း၊ သံပုရာကန်နှင့် ကျွန်းတောကျေးရွာတို့မှ သွားနှင့်ခံတွင်း ဝေဒနာရှင်စုစုပေါင်း ၃၅၀ တို့အား အခမဲ့စမ်းသပ်ကုသ ပေးခဲ့ကြသည့်အပြင် သွားနုတ်ပြီး သွားအသစ်ပြန်စိုက်လိုသူများကိုလည်း သတ်မှတ်ရက်ချိန်းပေး၍ အခမဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လိုအပ်ချက်များ လှူဒါန်း

အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယခုအပတ် အလန်းဇယား ဟာသဇာတ်ကား ပြသ

ရန်ကုန် ဧပြီ ၂၁

ယနေ့ဧပြီ ၂၂ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာနှင့် မော်တင်ဂျန်းရှင်းရုံတို့တွင် အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာညီညီထွန်းလွင်နှင့် တွဲဖက်ဩရသတို့ ရိုက်ကူးသည့် **အလန်းဇယား**ဟာသဇာတ်ကားပြသမည်ဖြစ်သည်။ ဟာသဇာတ်ကားသာ အဓိကအရိုက်များလာသည့် ဒါရိုက်တာညီညီထွန်းလွင်၏ ဟန်ပန်အတိုင်း တဝါးဝါးတဟားဟားဖြင့် ကြည့်ကြရမည့် ဇာတ်ကားကောင်းတစ်ကားဖြစ်ပြီး သရုပ်ဆောင်အင်အားပြည့် ပါဝင်သရုပ်ဆောင်ထားကြပေရာ ဟာသဇာတ်ကားကြိုက် ရုပ်ရှင်ပရိသတ်အလိုဆန္ဒပြည့်ဝစေမည်ဖြစ်သည်။ သူထူးစံ၊ မိုးအောင်ရင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ မယ်လိုဒီ၊ နန်းဆုရတီစိုး၊ ဗေလုဝ၊ ဧရာ၊ တေဇာတို့ ခေါင်းဆောင်ပါဝင်ကြသည်။ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၏ **လာထားအာဘွား** ဟာသဇာတ်ကားမှာ မြို့လယ်ဝဇီရာ၊ စံပြ၊ မြို့ပတ်နဝဒေး၊ ရွှေမန်း၊ သီတာရုံတို့တွင် ပြသမည်ဖြစ်သည်။ မြန်မာဒီဗွီဒီဇာတ်ကားဖြစ်သည့် ဂျူးလီးယက်တရေးနိုးဇာတ်ကားမှာ တော်ဝင်စင်တာရုပ်ရှင်ရုံတွင် ပြသမည်ဖြစ်ပြီး ၎င်းဇာတ်ကားတွင် ပြေတီဦးနှင့် မိုးဟေကိုတို့ ခေါင်းဆောင်ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် နာမည်ကြီးအက်ရှင်သရုပ်ဆောင်များဖြစ်သည့် ဂျက်ဆင်စတက်သန်နှင့် ဘင်ဖော်စတာတို့ ပါဝင်သည့် MACHANIC ဇာတ်ကြမ်းကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် နာမည်ကြီး ဟောလိဝုဒ် အကယ်ဒမီမင်းသားကြီး နစ်ကိုလပ်ကေ့ချ် ပါဝင်သရုပ်ဆောင်ထားသည့် DRIVEANGRY ပြသမည်ဖြစ်သည်။ အစွန်းရောက်အဖွဲ့အစည်း၏ အန္တရာယ်မှ မိမိ၏မြေးဖြစ်သူအား ကယ်တင်သူထောင်ထွက်လူဆိုးအဖြစ် ၎င်း၏ ပီပြင်စွာ သရုပ်ဆောင်မှုကို ဤဇာတ်ကားတွင် ရှုစားရမည်ဖြစ်သည်။

အိန္ဒိယဇာတ်ကားကောင်း နှစ်သက်သူများအတွက် နာမည်ကြီး အိန္ဒိယသရုပ်ဆောင် အာဂျေးကူးမားနှင့် ဗီဒီယား ဗာလန်းတို့ ပါဝင်သည့် HEYY BABYY အိန္ဒိယဇာတ်ကား မြို့မရုံတွင် ပြသမည်ဖြစ်သည်။

အလန်းဇယားဇာတ်ကားတစ်မှ သရုပ်ဆောင်များ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "သောကရောက်မှ တရားအားထုတ်မှာလား" တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၆း၄၀ မုဒုံမြို့၏ သာသနာ့ဂုဏ်ရည် ကန်တော်ဦးမှ မြတ်စေတီ
- ၆း၅၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၉)**
- ၈း၄၅ Sai Sai Birthday Show(Part-4)
- ၉း၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီ ဦးအောင်ခိုင်) (အပိုင်း-၁)
- ၁၀း၁၀ ဒုတိယအကြိမ်မြောက်သူနာပြုဒီပလိုမာ(၁၉၈၇-၉၁) အာစရိယပူဇော်ပွဲ
- ၁၀း၂၅ Activities In The City (Keen Cie Health Care Services ၏ ကျန်းမာရေးဟောပြောပွဲနှင့်အတူ)
- ၁၀း၄၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဝါးဦး၏လက်ရာ) (အပိုင်း-၂)
- ၁၁း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
- ၁၁း၃၀ Activities In The City [တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် (ရေဆင်း)၁၉၈၃-၈၇ ၏ မြတ်ဆရာပူဇော်ပွဲ]
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ
- ၁၂း၃၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း(MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ(၂/၂၀၁၁)
- ၁၂း၅၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁း၀၀ "သောကရောက်မှ တရားအားထုတ်မှာလား" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၁)**
- ၄း၁၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၉)**
- ၅း၀၅ မူဟန်ကိုယ်စီ တေးကိုသီ
- ၅း၁၀ ဂါရဝဖြင့် ဦးညွတ်ချီ မြတ်ဆရာများ၏ ကျေးဇူးဂုဏ်အင်(မိုးကုတ် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
- ၅း၃၀ ရန်ကုန်မြင်ကွင်းကျယ်
- ၅း၄၅ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမိသားစု ဒုတိယအကြိမ်မြောက် ရဟန်းခံ၊ရှင်ပြု သီလရှင်ဝတ် အလှူတော်မင်္ဂလာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၂)**
- ၇း၀၀ Sai Sai Birthday Show(Part-5)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစတိလ မဟာထေရ်မြတ်၏ "ပုနေဝပသမ္ပဒအဘိဝိဇာတ မင်္ဂလာ"နှင့်"အဘိဓဇအဂ္ဂမဟာပူဇာသဘင်"
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၀)**
- ၁၀း၂၀ VJ Choice
- ၁၀း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်သားညီနှင့်တွေ့ဆုံခြင်း)(အပိုင်း-၂)
- ၁၁း၁၅ သူဌေးကျွန်းနှင့် Econourism
- ၁၁း၄၀ World of Knowledge (Ancient Megasmicture: Machu Picchu)
- ၁၂း၂၅ ရွှေလာငွေလာသုံးရောင်ခြယ် မာလကာ
- ၁၂း၅၀ Shooting Location (ဆရာမအိမ်)
- ၁း၀၅ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၁း၂၀ နယ်ဦးဆန်းထွင်ပန်းအလှဆင် (L ပုံသဏ္ဍာန်ပန်းအိုးထိုးနည်း)
- ၁း၄၀ မျက်ရည်စက်များကင်းစေချင် (အကယ်ဒမီနေအောင်၊ အကယ်ဒမီ ချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ) [ဒါရိုက်တာ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၂း၁၅ ဘဝများ (တင်မိုးလွင်) တမာပိုးသတ်ဆေးသုံးကြစို့
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ တိရစ္ဆာန်လေးတွေ မွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၄း၃၀ အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
- ၄း၅၀ အံ့ဖွယ်တစ်မူ "ဆဒ္ဒန်ဂူ"
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေစကြိုတွင် ရေအေးစက်လှူဒါန်း

ရေစကြို ဧပြီ ၂၁

ရေစကြိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု (မြို့မိမြို့ဖ) ကော်မတီမှ ရေစကြိုမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ဝန်ထမ်းများနှင့်အတူ ဘဏ်နှင့်ဆက်သွယ်သူများ ရေသန့်ရေအေး သောက်သုံးနိုင်ရန်အတွက် ကျပ် ၈၀၀၀၀ ကျော်တန်ဖိုးရှိ ရေအေးစက်တစ်လုံးကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၃၇၄)

ဥတုရာသီ တောကိုမှီ၏

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် ဆရာတော် သံဃာတော်များထံမှ သာသနာရေးဝန်ကြီး ဩဝါဒခံယူ

နေပြည်တော် ဧပြီ ၂၁

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၁၉ ရက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်း မြေရှိ မဟာနာယကကျောင်းဆောင်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသတို့ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ရှစ်ပါးတို့အား သွားရောက်ဖူးမြော်၍ သင်္ကန်းပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်များထံမှ ဩဝါဒခံယူသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့သို့ရောက်ရှိပြီး ပုဏ္ဏမာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသအား ဖူးမြော်ပြီး ဆရာတော်ထံမှ ဩဝါဒခံယူသည်။

ဝန်ကြီးသည် ဧပြီ ၂၀ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉) ရပ်ကွက်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်း ဆရာတော် ဘဒ္ဒန္တကဝိဓဇအား လည်းကောင်း၊နိုင်ငံတော်ဩဝါဒါစရိယ ဌေးကြာယံကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တရေဝတ၊ မြသိန်းတန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရနှင့် ဘဒ္ဒန္တသောမဏ တို့အား လည်းကောင်း သွားရောက်ဖူးမြော်ပြီး ဆရာတော်များထံမှ ဩဝါဒခံယူခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဂီရိမုန်တိုင်းသင့် မြေပုံမြို့နယ်အတွက် ငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၁

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဧပြီ ၁၉ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ မြောက်ဦးမြို့နယ် ဆန်ကုန်သည်ကြီးများ အသင်း၊ မြို့မိမြို့ဖများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မြေပုံမြို့သို့ ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ညနေ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့် မြေပုံမြို့နယ်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် သီတဂူဆရာတော်ကြီးနှင့် အလှူရှင်များက ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့် ပြည်သူများအတွက် ငွေကျပ် ၁၅၅၃၀၀၀၀ တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ်၌ နှစ်ဦးဒါနအဖြစ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့် ဇနီး ဒေါ်ကံဆီဆိုင်းလုံတို့က ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မြစ်ကြီးနား၊ ဖားကန့်နှင့် ကာမိုင်းမြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ စေတနာ သွေးလှူရှင်များ၊ ရပ်ကွက်အသီးသီးမှ စေတနာ သွေးလှူရှင်များနှင့်သံဃာတော်များက စုစုပေါင်း သွေးပုလင်း ၁၅၀ အား နှစ်ဦးဒါနအဖြစ် စုပေါင်းသွေးလှူဒါန်းပွဲကို မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့်ဇနီး ဒေါ်ကံဆီဆိုင်းလုံ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများက သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြကာ ဆေးနှင့် အာဟာရများ ထောက်ပံ့ပေးအပ်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီသို့ အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းဈေးကွက်သတင်း

မတ်ပဲ။ ။ *ယခုအပတ် ပြည်တွင်းပဲမျိုးစုံ ဈေးကွက်တွင် မုံရွာ၊ မန္တလေး၊ ပြည်နှင့် ဟင်္သာတ မတ်ပဲဈေးကွက်မှာ ဈေးအနည်းငယ် ကျနေပြီး ယခင်လ မတ်ပဲတစ်တန် ဈေးနှုန်းထက် ကျပ်တစ်သောင်းကျော်မှ ကျပ်လေးသောင်းခန့်အထိ ကျဆင်းခဲ့ကြောင်းသိရသည်။*

ပဲတီစိမ်း။ ။ *ယခုအပတ် ပဲတီစိမ်းဈေးကွက်တွင် မုံရွာ၊ မန္တလေး၊ ပခုက္ကူနှင့် ဟင်္သာတ ပဲတီစိမ်းဈေးကွက်မှာလည်း ကျဆင်းခဲ့ပြီး ယခင်လ တစ်တန်ဈေးနှုန်းထက် မုံရွာဈေးနှုန်းမှာ အနည်းသာကျသော်လည်း မန္တလေး၊ ပခုက္ကူနှင့် ဟင်္သာတ ပဲတီစိမ်းမှာ ကျပ်နှစ်သောင်းခွဲမှ ကျပ်ငါးသောင်းခန့်အထိ ကျဆင်းခဲ့ကြောင်း သိရသည်။*

ပဲစင်းငုံ(အနီ)။ ။ *ယခုအပတ် ပဲစင်းငုံ(အနီ) ဈေးကွက်တွင် မုံရွာ၊ မန္တလေး၊ ပခုက္ကူနှင့် ပြည် ပဲစင်းငုံ(အနီ) ဈေးကွက်မှာ ကျပ်တစ်သောင်းကျော်မှ ကျပ်နှစ်သောင်းခန့်အထိ ကျဆင်းခဲ့ကြောင်း သိရသည်။*

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

စက်တပ်သမ္ဗန် နစ်မြုပ်မှုတွင် တိမ်းရှောင်နေသည့် ရေယာဉ်မောင်းနှင်သူ လာရောက်ဖမ်းဆီးခံ

ရန်ကုန် ဧပြီ ၂၁

ဧပြီ ၄ ရက်တွင် မော်တင်မှ ဆာပါချောင်သို့ ပြေးဆွဲနေသော စက်တပ်သမ္ဗန်တစ်စင်း နစ်မြုပ်သွားခဲ့ရာ မောင်းနှင်သူမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ဧပြီ ၁၀ ရက်တွင် ဆိပ်ကမ်းမြို့နယ် ရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့သည်ဟု သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် စီမံမှုအောက်ရှိ အောက်ဒလမြို့နယ် ရေယာဉ်အသင်းမှ မော်တင်မှ ဆာပါချောင်သို့ အမှတ်(၉/၁၀)ယမုံဦးအမည်ဖြင့် ပြေးဆွဲနေသော စက်တပ်သမ္ဗန်သည် ဧပြီ ၄ ရက် ည ၈ နာရီ ၄၀ မိနစ်ခန့်တွင် ခရီးသည် အမျိုးသား ၁၁ ဦး၊ အမျိုးသမီးတစ်ဦးနှင့် မောင်းနှင်သူအပါအဝင် စုစုပေါင်း ၁၃ ဦး တင်ဆောင်ထားပြီး မော်တင်မှ ဆာပါချောင်သို့ ထွက်ခွာစဉ် ရေကျချိန်ဖြစ်၍ ရေစီးအားကို မထိန်းနိုင်ဘဲ သမ္ဗန်လည်ထွက်သွားပြီး အနီးရှိ လှည်းတန်းဖောတံတားတွင် ဆိုက်ကပ်ရပ်နားထားသော ပြည်တွင်းရေကြောင်းပိုင် ဗန္ဓုက သင်္ဘောဦးပိုင်းကို ဝင်တိုက်မိပြီး သမ္ဗန်နစ်မြုပ်သွားခဲ့သည်။

ထိုကဲ့သို့ စက်တပ်သမ္ဗန်နစ်မြုပ်မှုကြောင့် လိုက်ပါလာသော ခရီးသည် ၁၂ ဦးနှင့် မောင်းနှင်သူတစ်ဦး စုစုပေါင်း ၁၃ ဦးအနက် အမျိုးသား ကိုးဦးကိုသာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ကျန်ခရီးသည် အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ စက်တပ်သမ္ဗန်မောင်းနှင်သူ အပါအဝင် လေးဦးတို့မှာ ပျောက်ဆုံးနေခဲ့ပြီး ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ကိုထွန်းလင်းနိုင် အသက် (၂၇) နှစ် (ဘ) ဦးကျင်မောင် လိုင်း(၆၁) အခန်း(၄) ဝန်ထမ်းအိမ်ရာ ဒလမြို့နယ် နေသူနှင့် မသီဂီမြင့် အသက် (၃၀)နှစ် (ဘ) ဦးစောသာဝေ လိုင်း(၂၀) အခန်း (၃) ကျန်းမာရေးဝန်ထမ်းအိမ်ရာ ဒလမြို့နယ်နေသူတို့ သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ပြီး ပျောက်ဆုံးစာရင်းဝင် ထွက်ပြေးတိမ်းရှောင်နေသော ရေယာဉ်မောင်း မောင်ဝင်း(ခ)ပြောင်ကြီး အသက် (၃၉) (ဘ) ဦးတောရ အမှတ်(၁၃၅) မင်းရဲကျော်သူလမ်း ဆာပါချောင် ရပ်ကွက်နေသူမှာ ဧပြီ ၁၀ ရက်တွင် လာရောက်အဖမ်းခံပြီး ကျန်တစ်ဦးမှာ ယခုအချိန်ထိ စုံစမ်းနေဆဲဖြစ်သည်ဟု သိရသည်။

၎င်းအမှုနှင့် ပတ်သက်၍ မောင်ဝင်း (ခ) ပြောင်ကြီးကို ဆိပ်ကမ်းမြို့နယ် ရဲစခန်းက ပ/၉၀ ဥပဒေ ပုဒ်မ/၂၈၀/၃၀၄(က) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားသည်ဟု သိရသည်။

(၅၆၇)

ရေစကြိုတွင် မီးလောင်မှုဖြစ်ပွား

ရေစကြို ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ငွေးဂုဏ်ကျေးရွာတွင် ဧပြီ ၁၉ ရက် ညနေ ၃ နာရီခွဲ၌ ဦးဝင်းသန်းထွန်း၏နေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ စုစုပေါင်း အိမ်အလုံး ၈၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုကြောင့် အိမ်ထောင်စု ၉၂ စု၊ လူဦးရေ ၅၄၇ ဦးခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရှိရသည်။

မီးလောင်မှုဖြစ်ပွားလျှင်ဖြစ်ပွားခြင်း မြို့နယ်မှတာဝန်ရှိသူများ၊ မီးသတ်ဦးစီးမှူးနှင့် မီးသတ်ဝန်ထမ်းများက မီးငြိမ်းသတ်ခဲ့ကြပြီး မီးဘေးသင့်ပြည်သူများအား ဘုန်းတော်ကြီးကျောင်းများတွင် ယာယီနေရာချထားပေးကြောင်း သိရသည်။

(၃၇၄)

အောင်မြင်မှုများရရှိနေသော မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

သတင်းမှတ်စု-တင်ထွေး(သတင်းစဉ်)

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကို ၂၀၀၉ ခုနှစ် ဩဂုတ် ၃ ရက်၌ မှတ်ပုံတင်၍ ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် သက်တမ်းတစ်နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် ရည်ရွယ်ချက်(၁၀)ချက်၊ လုပ်ငန်းတာဝန်(၇)ရပ်ချမှတ်၍ လှုပ်ရှားဆောင်ရွက်ခဲ့ရာ အချိန်တိုအတွင်းအောင်မြင်မှုများရရှိနေပြီဖြစ်သည်။

အသင်း၏လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရန်နှင့် သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးကော်မတီ၊ ရန်ပုံငွေရှာဖွေရေးကော်မတီ၊ လူ့စွမ်းအားမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးကော်မတီ၊ ပြည်ပဆက်သွယ်ရေးနှင့် ဈေးကွက်ဖော်ထုတ်မြှင့်တင်ရေးကော်မတီ၊ စီးပွားရေးဆိုင်ရာသတင်းအချက်များ စုဆောင်းဖြန့်ဝေရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့၍ အောင်မြင်မှုများ ပိုမိုရရှိနေခြင်းပင်ဖြစ်သည်။

အထူးသဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပြီးခဲ့သည့်မတ်လအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတို့၌ အသင်းသားများကို စနစ်တကျစည်းရုံး၍ ဆပ်ကော်မတီများဖွဲ့စည်းကာ ပါဝင်ပြသဆောင်ရွက်ခဲ့သည့်အတွက် ကျောက်စိမ်းအတွဲများ စံချိန်တင်ရောင်းချခဲ့ရပေသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးတွင် မဏိရတနာကျောက်စိမ်းခန်းမကို တည်ဆောက်ခဲ့ပြီး အဆိုပါကျောက်စိမ်းခန်းမအနီး၌ပင် ကျောက်စိမ်းဥယျာဉ် (Jade Garden) ကိုလည်း တည်ဆောက်ခဲ့သည်။ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် အတွင်း၌လည်း ကျောက်စိမ်းသိုလှောင်ရုံတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်သပြေကုန်းဈေး၊ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် နေပြည်တော်သီရိရတနာအဆင့်မြင့်ဈေးအနီး တစ်ဝိုက်သည် မကြာမီကာလအတွင်း Jade Town သဖွယ် ဖြစ်တည်လာတော့မည် ဖြစ်သည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် အသင်းသားများနှင့် ကျောက်မျက်ပညာလေ့လာလိုက်စား လိုကြသူများ၊ ပညာဗဟုသုတ တိုးပွားရေးအတွက် ကျောက်မျက်ပညာမိတ်ဆက်စာအုပ်ကို ပြုစုထုတ်ဝေခဲ့ပြီး ကျောက်မျက်ပညာနှင့် ပတ်သက်၍ဟောပြောပွဲများနှင့် ကျောက်မျက်ပညာ အခြေခံသင်တန်းများကိုလည်း ကျင်းပပေးနိုင်ခဲ့သည်။

ထို့ပြင် ပြည်ပမှ လာရောက်သည့် နိုင်ငံခြားဧည့်သည်များကို လက်ခံဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပဆွေးနွေးပွဲများ၊ အစည်းအဝေးများနှင့် ပြပွဲများသို့ တက်ရောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ပြည်ပပြပွဲများဖြစ်သည့် ကူဝိတ်နိုင်ငံ၌ ကျင်းပသော ရွှေနှင့် ကျောက်မျက်ရတနာပြပွဲ၊ ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ကျင်းပသည့် 45th Bangkok Gems and Jewellery Fair၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပသည့် JJA International Jewellery Fair နှင့် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် Sri Lanka International Gems and Jewellery Fair တို့ကို တက်ရောက်ပြသနိုင်ခဲ့သည်။

ယင်းသို့လုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ လှုပ်ရှားဆောင်ရွက်နိုင်ခြင်းဖြင့် အသင်းသားစည်းရုံးရေးလုပ်ငန်းမှာလည်း အထူးအောင်မြင်လျက်ရှိရာ တစ်နှစ်ကျော်ကာလအတွင်း အသင်းဝင်ဦးရေ ၃၀၀၀ ကျော်အထိ ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌လည်း ၂၄-၈-၂၀၁၀ ရက်မှစတင်၍ ရာသက်ပန်အသင်းဝင်အဖြစ် ဝင်ရောက်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီအစည်းအဝေးကို ၂၀-၁၂-၂၀၁၀ရက်က နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကျင်းပခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ် ဒုတိယအကြိမ်သက်တမ်းအတွက် အသင်းနာယကအဖွဲ့၊ ဂုဏ်ထူးဆောင်အကြံပေးအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များစာရင်းကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် ရရှိပြီးအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ပိုမို၍အောင်မြင်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားတက်ဖွယ် မြင်တွေ့ရပါကြောင်း. . . . . .။ ။

ပြည်သူ့ထံမှ ပေးစာများ

ရွှေပေါက်ကံကားစီးရေ တိုးချဲ့ပြေးဆွဲပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် စက်မှုဇုန်(ဗိုလ်တေဇ) လမ်းသို့ ပြေးဆွဲနေသော လိုင်းကားများအနက် ၁၀၂ဒိုင်နာ၊ ၁၅၉ ဒိုင်နာနှင့် ၁၀၃ ကင်တာ ကားလေးများသည် ကားအစီးရေနည်းပြီး နံနက်ပိုင်းရုံးချိန်အတွင်း၌သာ ကားအနည်းငယ်ပြေးဆွဲပြီး ညနေပိုင်းတွင် စက်မှုဇုန် (ဗိုလ်တေဇ)လမ်းသို့ ကားများ လုံးဝမဝင်တော့ပါသဖြင့် ခရီးသွားများ အခက်အခဲရှိပါသည်။ သို့ဖြစ်ပါ၍ ကားအစီးရေ တိုးချဲ့ပြေးဆွဲပေးပါရန်နှင့် ရွှေပေါက်ကံမြို့သစ် ပုဂံလမ်းမကြီး၌ ပြေးဆွဲနေသော အမှတ် (၄၃) ရွှေပေါက်ကံ-ကျုံးကြီး ကားကြီးများအား စက်မှုဇုန် (ဗိုလ်တေဇ)လမ်းသို့ ဝင်ရောက်ပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။

ရွှေပေါက်ကံသားများ

မိလ္လာပိုက်ပေါက် ပြုပြင်စေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်း အမှတ်(၉၅) ငါးလွှာမှ ရေဆိုးပိုက်နှင့် မိလ္လာပိုက်တို့မှာ ပေါက်ထွက်နေပါသဖြင့် အညစ်အကြေးများ၊ အနံ့ဆိုးများ ထွက်ပေါ်ပျံ့နှံ့လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်သန့်ရှင်းမှု ရှိရေး ပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ပဲခွဲစက်မှ ဖုန်မှုန့်များ ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ အမှတ် ၁/၃၀၂ မှ "ပဲအခွံချွတ်စက်"လုပ်ကိုင်လျက်ရှိပါသည်။ လူနေအိမ်များနှင့်ကပ်နေသဖြင့် ပတ်ဝန်းကျင်ရှိလူများ ဖုန်မှုန့်များရှူရှိုက်နေရသည့်အတွက် ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အိမ်နီးချင်းများ

လောင်စာဆီရောင်းဝယ်မှု ရှင်းလင်းပြီး

၂၅-၂-၂၀၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပြည်သူ့ထံမှ ပေးစာကဏ္ဍတွင် မြန်အောင်မြို့၌ **"လောင်စာဆီနှင့် အက်စစ်ရောင်းဝယ်မှု ကြပ်မတ်ပေးစေလို"** ပေးစာနှင့် ပတ်သက်၍ စက်သုံးဆီအရောင်းဆိုင်များအား မြို့ပြင်သို့ ပြောင်းရွှေ့ရှင်းလင်းပြီးဖြစ်ကြောင်းနှင့် အက်စစ်အပြင်းများ သိုလှောင်ရောင်းချခြင်းနှင့် ပတ်သက်၍ သိုလှောင်ရောင်းဝယ်မှုမရှိကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သစ်ခွဲစက်သံ ပတ်ဝန်းကျင်ဆူညံ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် (၁၄)ရပ်ကွက် (၅)လမ်း (ကျောက်တိုင်လမ်း)ရှိ သစ်ခွဲစက်တစ်ခုမှ သစ်တုံးကြီးများပစ်ချသံ၊ သစ်ခွဲစက်မှ ဆူညံသံ၊ လုပ်ငန်းသုံးမီးစက်မှထွက်ပေါ်လာသော လောင်စာဆီအနံ့ဆိုးနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဓနုဖြူသား

ညနေပိုင်းထမင်း/ ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအား သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြု သုံးစွဲရန်။

မီးသတ်ဦးစီးဌာန

မြန်မာမြားပစ်အားကစားအဖွဲ့ ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ၌ ယှဉ်ပြိုင်ရန် လာအိုသို့ ထွက်ခွာ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံမြားပစ်အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦး ခေါင်းဆောင်သော အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမား စုစုပေါင်း ၁၅ ဦး ပါဝင်သည့် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့သည် မေ ၂၁ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ယင်းပြိုင်ပွဲသို့ အာရှထိပ်သီးနိုင်ငံများနှင့် အရှေ့တောင်အာရှမှ ပြိုင်ဘက်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယင်းပြိုင်ပွဲမှ ရရှိမည့် အားသာချက် အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် ဆုတံဆိပ်ရရှိနိုင်မည့် အားကစားသမားများအား ရွေးချယ်စေလွှတ်ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စပိန်ဘုရင့်ဖလားဗိုလ်လုပွဲ ရီးယဲလ်က ဘာစီလိုနာကို အနိုင်ယူ အသင်း၏ (၁၈)ကြိမ်မြောက် ဆုဖလားကို မော်ရင်ဟို ဆွတ်ခူးပေး

မက်ဒရစ် မေ ၂၁

စပိန်ဘုရင့်ဖလား နောက်ဆုံးဗိုလ်လုပွဲကို ကြာသပတေးနေ့ နံနက်ပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးယဲလ်မက်ဒရစ်အသင်းက အချိန်ပိုတွင်သွင်းသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရသွားသည်။

လူစုံပါဝင်

ရီးယဲလ်မက်ဒရစ်အသင်း၏ ပထမပွဲထွက် လူစာရင်းတွင် ကာဆီးလက်စ်၊ ကာဗယ်ဟို၊ ပီပီ၊ ရာမို့စ်၊ အာဘီလိုအာ၊ မာဆယ်လို၊ အလွန်ဆို၊ စီရော်နယ်ဒို၊ အိုဇေးလ်၊ ခီဒီရာနှင့် ဒီမာရီယာတို့ ပါဝင်ခဲ့ပြီး ဘာစီလိုနာအသင်းတွင် ပင်တို၊ အဲလ်ဗစ်၊ ပီကေး၊ အက်ဒရီယာနို၊ ဇာဗီ၊ အင်နီယေစတာ၊ မာရှေယာနို၊ ဘတ်ကွက်စ်၊ ဒေးဗစ်ဗီလာ၊ မက်ဆီနှင့် ပက်ဒရိုတို့ဖြင့် လူစုံပါဝင်ခဲ့သည်။

အနိုင်ဂိုးသွင်းယူ

ယခုပွဲမှာ စပိန်ဘုရင့်ဖလား၏ နောက်ဆုံးဗိုလ်လုပွဲဖြစ်သည်နှင့်အညီ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဂိုးမရှိသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားစေခဲ့ရရာ ပွဲကစားချိန် ၁၀၃ မိနစ်တွင် စီရော်နယ်ဒိုက ရီးယဲလ်မက်ဒရစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ယခုပွဲမှာ ပွဲကောင်း၊ ပွဲကြမ်း တစ်ပွဲဖြစ်ခဲ့သည်နှင့်အညီ အဝါကတ် ခုနစ်ကတ်ပြသခဲ့ရပြီး ပွဲကစားချိန် မိနစ် ၁၂၀ တွင် ရီးယဲလ်မက်ဒရစ်ကစားသမား ဒီမာရီယာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ယခု စပိန်ဘုရင့်ဖလားမှာ မော်ရင်ဟိုအတွက် ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိပြီးချိန်တွင် ပထမဆုံးကိုင်မြှောက်ခွင့်ရရှိသည့်ဖလားဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက်မူ (၁၈)ကြိမ်မြောက်ဆုဖလားပင်ဖြစ်သည်။ **အင်တာနက်။**



တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းပေးခဲ့သူ စီရော်နယ်ဒိုအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြ လက်ရွေးစင်အဖွဲ့ တရုတ်(တိုင်ပေ)မြို့မှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၁

၂၀၁၁ ခုနှစ် မေ ၂ ရက်မှ ၁၁ ရက်အထိ တရုတ်(တိုင်ပေ)မြို့၌ သရုပ်ပြသခဲ့သည့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၏ မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြ လက်ရွေးစင်အဖွဲ့သည် မေ ၁၁ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြလက်ရွေးစင်အဖွဲ့အား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ သုဓမ္မဇောတိကဓဇ ဦးစိုးနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးရဲအောင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြလက်ရွေးစင်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြစဉ်။

(ခြင်းလုံးအဖွဲ့ချုပ်)

စပါးကို သရေသာကစားနိုင်သည့် အာဆင်နယ် တတိယနေရာကို ဆင်းပေးရ ချယ်လ်ဆီး ဒုတိယနေရာကို တက်လာ

လန်ဒန် မေ ၂၁

ပရီမီယာလိဂ် ပွဲစဉ်(၂၈)၏ လက်ကျန်ပွဲနှစ်ပွဲကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ချယ်လ်ဆီးအသင်း နိုင်ပွဲရပြီး စပါးနှင့် အာဆင်နယ်တို့ပွဲမှာ သရေဖြင့် အဆုံးသတ်ခဲ့သည်။

စတမ်းဖို့ဒ်ဘရက်ချ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်လ်ဆီးနှင့် ဘာမင်ဂမ်တို့ပွဲတွင် အိမ်ရှင်ချယ်လ်ဆီးက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရသွားသည်။

ချယ်လ်ဆီးတွင် မာလူဒါ၊ ကာလူး၊ ဒရော့ဘာ၊ အက်ဆီယံ၊ လမ်းပတ်၊ မီခေးလ်၊ ဂွန်တယ်ရီတို့ဖြင့် လူစုံခဲ့ပြီး ဘာမင်ဂမ်အပေါ် အသာစီးရယူနိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၃ မိနစ်နှင့် ၆၂ မိနစ်တို့တွင် မာလူဒါနှင့် ၂၆ မိနစ်တွင် ကာလူးတို့က သွင်းယူခဲ့သည်။ ဘာမင်ဂမ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် လာဆင်က ပယ်နယ်တီမှ သွင်းယူသွားသည်။ ချယ်လ်ဆီးသည် ယခုပွဲအနိုင်ရလိုက်ခြင်းကြောင့် ပွဲစဉ် (၃၃)အပြီးတွင် ရမှတ် ၆၄ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ ရောက်ရှိကာ ပထမနေရာမှ မန်ယူနှင့် ခြောက်မှတ်အကွာတွင် ရှိနေသည်။

အာဆင်နယ်သရေကျ

လန်ဒန်ဒါဘီပွဲဖြစ်သည့် စပါးနှင့် အာဆင်နယ်တို့ပွဲမှာ တစ်ဖက်သုံးဂိုးဖြင့် သရေကျသွားသည်။ ဤပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပရိသတ်အကြိုက်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

အာဆင်နယ်အသင်းသည် အမှတ်ပေးဇယားထိပ်မှ မန်ယူကို အမီလိုက်နိုင်ရေးအတွက် ယခုပွဲတွင် ဖာဘရီဂက်စ်၊ ဗန်ပါစီ၊ ဝေါလ်ကော့၊ နာဆရီ၊ ဝီရှိုင်းယား၊ ဆောင်း စသည့် အဓိက ကစားသမားများကို ပွဲထုတ်ခဲ့သည်။ စပါးကလည်း ပီတာခရော့ချ်၊ ဗက်လူချန်ကို၊ ဗန်ဒါဗတ်၊ လင်နွန်၊ ဂါရတ်ဘေးလ်နှင့် မော့ဒရစ်တို့ဖြင့် ပြန်လည်ရင်ဆိုင်လာခဲ့သည်။

အာဆင်နယ်အတွက် ဂိုးများကို ပွဲချိန် ၅ မိနစ်တွင် ဝေါလ်ကော့၊ ၁၂ မိနစ်တွင် နာဆရီနှင့် ၄၁ မိနစ်တွင် ဗန်ပါစီတို့က သွင်းယူခဲ့ကြသည်။ အိမ်ရှင်စပါးအတွက် ဂိုးများကို ၇ မိနစ်တွင် ဗန်ဒါဗတ်၊ ၄၄ မိနစ်တွင် ဟက်ဒယ်စတုန်းနှင့် စပါးအတွက် သရေတစ်မှတ်ရစေမည့် ချေပဂိုးကို ပွဲချိန်မိနစ် ၇၀ တွင် ဗန်ဒါဗတ်က ပယ်နယ်တီမှသွင်းယူခဲ့သည်။ အာဆင်နယ်အသင်းမှာ ယခုပွဲသရေကျခဲ့၍ အမှတ်ပေးဇယား တတိယနေရာသို့ ဆင်းပေးလိုက်ရပြီဖြစ်သည်။

အသီးသီးရပ်တည်

ပရီမီယာလိဂ်ပွဲစဉ် (၃၃)အပြီးတွင် မန်ယူကရမှတ် ၇၀ ဖြင့် ပထမ၊ ချယ်လ်ဆီးက ၆၄ မှတ်ဖြင့် ဒုတိယ၊ အာဆင်နယ်က ၆၄ မှတ်ဖြင့်တတိယ၊ မန်စီးတီးကတစ်ပွဲလျော့ ၅၆ မှတ်ဖြင့် စတုတ္ထ၊ စပါးကတစ်ပွဲလျော့ ၅၄မှတ်ဖြင့် ပဉ္စမနေရာတို့တွင် အသီးသီးရပ်တည်နေကြသည်။ **အင်တာနက်။**

အင်နီယေစတာ ရီးယဲလ်နှင့် ချန်ပီယံလိဂ်ပွဲပြန်ပါမည်

ဘာစီလိုနာ မေ ၂၁

ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာသည် ရှက်တာဒိုးနက်နှင့် ပွဲတွင် ရခဲ့သည့် အဝါကတ်ပြစ်ဒဏ်ကြောင့် ရီးယဲလ်မက်ဒရစ်နှင့် ကစားရမည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို လွဲချော်ရမည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ သို့သော် ယခုအချိန်တွင် ယူအီးအက်ဖ်အေက ယင်းပြစ်ဒဏ်ကို ပယ်ဖျက်ခဲ့၍ အင်နီယေစတာမှာ ဘာစီလိုနာနှင့်အတူ ချန်ပီယံလိဂ်ပွဲတွင် ပါဝင်ခွင့်ရရှိတော့မည်ဖြစ်သည်။

ကျေနပ်မှုမရှိ

ယူအီးအက်ဖ်အေ၏ ယင်းဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းက ကျေနပ်မှုမရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်တာနက်။

● ဟန်သစ် ●

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့် အဖွဲ့ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် လက်ဝဲဒက်-ငကျည်တောက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောဝေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အထက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန် ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြိတ်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကျောက်တော်မြို့နှင့် လှိုင်ကော်မြို့တို့တွင် သုည ဒသမ ၆၃ လက်မစီ၊ ဟဲဟိုးမြို့တွင် သုည ဒသမ ၅၉ လက်မ၊ တောင်ကြီးမြို့တွင် သုည ဒသမ ၅၁ လက်မ၊ ပင်လောင်းမြို့တွင် သုည ဒသမ ၃၉ လက်မနှင့် ရမည်းသင်းမြို့တွင် သုည ဒသမ ၃၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၂၂ ရက်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် **မန္တလေးမြို့**တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

Dr Tin Latt - FCCA
MAT Professional Training & Services
(ACCA Approved CBE & Employment Centre)
FIA
Foundation In Accountancy
For December 2011 Exam Hotline: 242431, 246618 Email: matinfo@myanmar.com.mm Website: www.matprofessional.com

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

ကိုရီးယားရုပ်ရှင်ကားတို ကန်းရုပ်ရှင်ပွဲတော်က ရွေးချယ်

ကိုရီးယားဒါရိုက်တာ လီဂျန်းဂျင် ရိုက်ကူးသည့် "တန္တေ"အမည်ရှိ ရုပ်ရှင်ကားတိုကို (၆၄)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော် (64 th Cannes Film Festival) ၏ ရုပ်ရှင်ကားတိုပြိုင်ပွဲက ရွေးချယ်လိုက်ကြောင်း သိရသည်။

၁၀ မိနစ်စာ ထိတ်လန့်ချောက်ချားဖွယ် အဆိုပါ ရုပ်ရှင်ကားတိုမှာ လူသူကင်းမဲ့ပြီး ယိုယွင်းပျက်စီးနေသော မြို့တစ်မြို့ရှိ အိမ်တစ်ဆောင်ထဲတွင် ပုန်းအောင်းနေသော ရာဇဝတ်ကောင်တစ်ဦးအကြောင်းကို ရိုက်ကူးထားခြင်းဖြစ်သည်။

လူငယ်ဒါရိုက်တာများ ပါဝင်ယှဉ်ပြိုင်ကြသည့် အဆိုပါ ရုပ်ရှင်ကားတိုပြိုင်ပွဲ အမျိုးအစားတွင် ၁၉၉၉ ခုနှစ်က ကိုရီးယား ဒါရိုက်တာဆောင်းအီဂွတ်၏ "ပျော်ပွဲစား" အမည်ရှိ ရုပ်ရှင်ကားတိုမှာ အကောင်းဆုံး ရုပ်ရှင်ကားတိုဒိုင်အဖွဲ့စိတ်ကြိုက်ဆုကို ဆွတ်ခူးခဲ့ဖူးသည်။

ယခုနှစ် ကန်းရုပ်ရှင်ပွဲတော်၏ ရုပ်ရှင်ကားတိုပြိုင်ပွဲတွင် နိုင်ငံကိုးနိုင်ငံမှ ရုပ်ရှင်ကားတို ကိုးကားဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

လီယောင်အေး(ချန်ဂင်) အမြွှာသားနှင့် သမီးတို့ရဲ့ မေမေဖြစ်ပြီ

အာရှပရိသတ် အသည်းစွဲ ကိုရီးယားမင်းသမီး Lee Young-ae သည် အမြွှာကလေးနှစ်ဦးကို ဖွားမြင်ခဲ့ကြောင်း ၎င်း၏ အေးဂျင့်က ထုတ်ဖော်ပြောကြားသည်။

အသက်(၄၀) အရွယ်ရှိ မင်းသမီးလီသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် ဆိုးလ်ဆေးရုံကြီး၌ အမြွှာသားနှင့်သမီးကို ဖွားမြင်ခဲ့ကြောင်း၊ မိခင်နှင့် ကလေးများ အားလုံးကျန်းမာကြောင်း ၎င်း၏ အေးဂျင့် Storms Company က ပြောသည်။

လီယောင်အေးသည် ၂၀၀၉ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စုရှိ ကိုရီးယား လုပ်ငန်းရှင်တစ်ဦးနှင့် လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ကိုရီးယားမင်းသမီး လီယောင်အေး (ချန်ဂင်)

ဂျွန်နီယာဂေါ်တီ၏ ဇနီးအဖြစ် သရုပ်ဆောင်ခွင့်ရရှိသွားသည့် လင်ဆေးလိုဟန်

Gotti: Three Generations ဇာတ်ကားတွင် ဂျွန်နီယာဂေါ်တီ၏ ဇနီးအဖြစ် သရုပ်ဆောင်ရန် ယင်းဇာတ်ကား ထုတ်လုပ်သူနှင့် လင်ဆေးလိုဟန်တို့ နာရီအနည်းငယ်ကြာ ဆွေးနွေးပြီးနောက် သဘောတူညီမှုရခဲ့ပြီဖြစ်သည်။

မူးယစ်ဆေးဝါးမှုနှင့် ပတ်သက်ပြီး လူမှုရေးပြဿနာများနှင့် ရင်ဆိုင်နေရသည့် လိုဟန်က ယင်းဇာတ်ကားတွင် သရုပ်ဆောင်ခွင့်ရရှိမှုသည် မင်းသမီးတစ်ယောက်အနေဖြင့် အနုပညာလောကကို ပြန်လည်ခြေချခွင့်ရှိနေကြောင်း သက်သေပြရန် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က အေပီသတင်းဌာနသို့ ပြောကြားသည်။

မိမိအနေဖြင့် ယင်းဇာတ်ကားတွင် သရုပ်ဆောင်ခွင့်ရရှိ၍ စိတ်လှုပ်ရှားမိကြောင်းနှင့် မိမိအပေါ် အထင်အမြင်လွဲမှားမှုများနှင့် ပတ်သက်၍ ပရိသတ်များအမြင်ရှင်းစေရန် အကောင်းဆုံးသရုပ်ဆောင်သွားမည် ဖြစ်ကြောင်း အသက်(၂၄)နှစ်ရှိပြီ ဖြစ်သည့် လိုဟန်က ဆက်လက်ပြောကြားသည်။

သို့သော်လည်း လိုဟန်သည် မူလ သဘောတူညီထားသည့် ဗစ်တိုးရီးယားဂေါ်တီအဖြစ် သရုပ်ဆောင်ရမည်မဟုတ်ဘဲ ဂျွန်နီယာဂေါ်တီ၏ဇနီး ကင်မ်ဂေါ်တီအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

ယင်းဇာတ်ကားထုတ်လုပ်သူ မက်ခ်ဖိအိုရီက ကင်မ်၏စရိုက်လက္ခဏာသည် ဤဇာတ်ကားတွင် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသကဲ့သို့ လိုဟန်သည်လည်း သူမသရုပ်ဆောင်ရမည့်အပိုင်းနှင့်ပတ်သက်၍ စိတ်လှုပ်ရှားနေကြောင်း ပီးပဲလ်မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ထို့အပြင် လိုဟန်သည် မာဖီးယားဂိုဏ်းအကြောင်းရိုက်ကူးမည့် Mob Street ဇာတ်ကားတွင်လည်း ခေါင်းဆောင်မင်းသားဘော့ဘီဘတ်တာဂါလီယာ၏ ဇနီးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။ ***အင်တာနက်။***

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ
ဦးခင်မောင်ဦး-ဒေါ်ခင်ကြည်သင်းတို့၏သားကြီး
မောင်စိုးမိုးဦး
B.A (English) A.G.T.I
(Mechanical Engineering)
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ်နေ
ဦးဇော်မင်းအေး-ဒေါ်တင်ထားလွင်တို့၏သမီးကြီး
မဖြူစင်နှင်း
B.A (English)
Advanced in SIEMEO CHAT

တို့သည် ၂၀-၄-၂၀၁၁ ရက် (ဗုဒ္ဓဟူးနေ့) CHATRIUM HOTEL BAGO ခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးမိုးဦး-မဖြူစင်နှင်း

MICO
T-Shirt = 650Ks
01-720526, 73045971, 095141086, 099974209 / 02-78983, 096800559

UK - M
Polytechnics Entrance
SAT / GCSE

မုံပြင်ပေါင်းချုပ်

တကယ်ပါ
မင်းတစ်ယောက်ကိုပဲ

သုခသီတာ

မုံရွာသရာမိုး ရဲ့

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ ရိပ်သာ(၁)လမ်း၊ အမှတ်(၁၆၈)တွင် နေထိုင်သော ဦးကောင်းသန့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဒဂန(နိုင်)၀၃၃၈၇၅] ကိုင်ဆောင်သူသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၀၁၁ ခုနှစ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၂၄၄၂ အရ မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို ကျောက်မျက်ရတနာအမျိုးမျိုးနှင့် လက်ဝတ်ရတနာပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့် ဆင်တူယိုးမှား အတုပြုလုပ်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးအုံးမောင်	**ဒေါ်ကေသီအုံး**
B.Sc, B.L	**LL.M**
(စဉ်-၈၃၀)	**(စဉ်-၄၂၂၇)**

တရားရုံးချုပ်ရှေ့နေများ
အမှတ်-၃၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၆၉၈၄၊ ၀၉-၅၀၁၂၉၈၂၊ ၀၉-၇၃၀၂၄၈၃၆

သိကောင်းစရာ သိပ္ပံနှင့်နည်းပညာ

ဂျက်ပက် လူပျံယာဉ် စမ်းသပ်ပျံသန်းမှု အောင်မြင်

ခုနစ်မိနစ်ကြာ စမ်းသပ်ပျံသန်းမှုအပြည့်အဝ အောင်မြင်ခဲ့ပြီးနောက် တစ်ချိန်တစ်ခါက သိပ္ပံဝတ္ထုနှင့် ရုပ်ရှင်များတွင်သာ ဇာတ်ဝင်ခန်းအဖြစ် ပါဝင်ခဲ့သော လူပျံယာဉ်မှာ မကြာမတင်သောကာလတွင် ဈေးကွက်သို့ ရောက်ရှိလာနိုင်တော့မည်ဟု ဆိုသည်။

လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်က ပြုလုပ်ခဲ့သည့် အဆိုပါ စမ်းသပ်ပျံသန်းမှုတွင် မာတင်ဂျက်ပက်ခေါ် လူပျံယာဉ်သည် ပေ ၁၀၀ ကျော်အမြင့်ထိ ပျံသန်းနိုင်ခဲ့ရာ နှစ်ပေါင်း ၄၀ ကျော်ကြာ တီထွင်အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းမှာ အောင်မြင်စွာ ပြီးစီးတော့မည့် အခြေအနေသို့ ရောက်လာပြီဖြစ်သည်။

ဂျက်ဆင်ဟု အမည်ပေးထားသည့် လူ့ခန္ဓာကိုယ်အလေးချိန်တူ ပိုင်းလော့အရုပ်ကို တပ်ဆင်၍ အဝေးထိန်းစနစ်ဖြင့် စမ်းသပ်ပျံသန်းခဲ့ရာတွင် ၎င်းဂျက်ပက်၏ အမြန်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့် အကန့်အသတ်ရှိနေစေကာမူ ပျံသန်းချိန်နှင့် ပျံသန်းနိုင်မှု အမြင့်ပေတို့တွင် စံချိန်တင်နိုင်ခဲ့သည်ဟုလည်း သတင်းတစ်ရပ်က ဆိုသည်။

၂၀၀၈ ခုနှစ်က ကျင်းပခဲ့သည့် အမေရိကန် လေကြောင်းပြပွဲတွင် ဂျက်ပက်ကို ပွဲထုတ်ခဲ့ဖူးရာ ထိုစဉ်က အဆိုပါ ယာဉ်ပျံသည်အမြင့် ခြောက်ပေထက်မပို၊ ပျံသန်းချိန်မှာလည်း ၄၅ စက္ကန့်မျှသာ ပျံပြနိုင်ခဲ့သည်။

စမ်းသပ်အောင်မြင်မှုအရ တစ်ယောက်စီး လူပျံယာဉ်များ ယခုနှစ်ကုန်ပိုင်းတွင် ဈေးကွက်သို့ ရောက်လာနိုင်တော့မည်ဖြစ်ရာ တစ်စင်းလျှင် တန်ဖိုးငွေပေါင် ၅၀၀၀၀ (ဒေါ်လာ ၇၅၀၀၀) ခန့် ရှိမည့် အဆိုပါ ယာဉ်များကို အရှေ့အလယ်ပိုင်းဒေသမှ တော်ဝင်မိသားစုများ၊ အမေရိကန် သန်းကြွယ်သူဌေးများအပါအဝင် လူ ၂၅၀၀ ခန့်က ဝယ်ယူရန် အသင့်ရှိနေပြီ ဖြစ်သည်ဟု ဆိုသည်။



ဒိုင်နိုဆောမျိုးစိတ်သစ်၏ ကျောက်ဖြစ်ရုပ်ကြွင်းရှာတွေ့မှု ဆင့်ကဲဖြစ်စဉ်၏ ကွက်လပ်တစ်ခုကို ဖြည့်စွက်နိုင်ခြင်းဖြစ်ဖွယ်ရှိ

အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုတွင် ထက်ရှသည့်သွားများရှိသော ဒိုင်နိုဆောတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းသည် ၎င်းမျိုးစိတ်များ၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များအတွင်း လစ်ဟာနေသော ကွက်လပ်ကို ပေါင်းကူး ဖြည့်စွက်ပေးလိုက်ခြင်း ဖြစ်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

စမစ်ဆိုနီယမ် အင်စတီကျူမှ သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်သန်း ပေါင်း ၂၃၀ ခန့်က နယူးမက္ကဆီကိုဒေသတွင် သေဆုံးနစ်မြုပ်ခဲ့သော အဆိုပါ ဒိုင်နိုဆော၏ ဦးခေါင်းခွံ၊ လည်ပင်းနှင့် ကျောရိုးတို့ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဒေမိုနိုဆောရပ်စ်ချော်လီယိုဒပ်စ်ဟု ခေါ်ဆိုသည့် နှာခေါင်းတိုပြီး ရှေ့သွားများ ငေါ်နေသည့် အဆိုပါ ဒိုင်နိုဆောမျိုးသည် ယခင်ကမတွေ့ဖူးသေးသော ထရိုင်ယက်စစ်ခေတ် ဒိုင်နိုဆောတစ်မျိုးဖြစ်ကြောင်း စမစ်ဆိုနီယမ်ပြတိုက်မှ ဟန်းစ်ဒီဘာဆူးစ်က ပြောကြားသည်။

အင်ဒေးဗား နောက်ဆုံးခရီးစဉ် ရွှေ့ဆိုင်း

နာဆာ၏ အာကာသလွန်းပြန်ယာဉ် ပျံသန်းရေးအစီအစဉ်တစ်ခုဖြစ်သော အင်ဒေးဗားအာကာသလွန်းပြန်ယာဉ် နောက်ဆုံးပျံသန်းမှု ခရီးစဉ်ကို မူလသတ်မှတ်ရက်တွင် မလွှတ်တင်နိုင်တော့ဘဲ ရွှေ့ဆိုင်းလိုက်ရသည်။

မူလက ဧပြီ ၁၉ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည့် အဆိုပါ ပျံသန်းမှုခရီးစဉ်မှာ ရုရှား၏ ကုန်တင်အာကာသယာဉ်တစ်စင်း အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) သို့ ပစ်လွှတ်မည့် အစီအစဉ်နှင့် တိုက်ဆိုင်နေ၍ ယင်းသို့ ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်ဟု ဆိုသည်။

အင်ဒေးဗားအာကာသယာဉ်ကို ဧပြီ ၂၉ ရက်တွင် ပစ်လွှတ်ရန် ပြင်ဆင်သတ်မှတ်လိုက်ရာ အဆိုပါ ခရီးစဉ်အပြီးတွင် အာကာသလွန်းပြန်ယာဉ် အစီအစဉ်တစ်ခုသာ ကျန်ရှိတော့မည်ဖြစ်သည်။ နှစ် ၃၀ ကြာမြင့်ပြီဖြစ်သည့် အာကာသလွန်းပြန်ယာဉ် ပျံသန်းမှု အစီအစဉ်ကို ယခုနှစ် နွေရာသီတွင် အတ္တလန္တိတ်အာကာသလွန်းပြန်ယာဉ် နောက်ဆုံးပျံသန်းခြင်းဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်တော့မည်ဖြစ်သည်။

အနားပေးလိုက်သည့် အာကာသလွန်းပြန်ယာဉ်များ ပြတိုက်များ၌ ပြထားမည်

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ (နာဆာ)သည် အနားပေးလိုက်ပြီဖြစ်သော အာကာသလွန်းပြန်ယာဉ်သုံးစင်းကို ကာလီဖိုးနီးယား၊ ဖလော်ရီဒါနှင့် ဝါရှင်တန် ဆင်ခြေဖုံးဒေသများရှိ ပြတိုက်များသို့ ပို့ဆောင်တော့မည် ဖြစ်သည်။

ယင်းသို့ ပို့ဆောင်ရာတွင် "ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်" သည် ဗာဂျီးနီးယားရှိ ယူဒဗာဟက်ဇီလေကြောင်းနှင့် အာကာသပြတိုက်သို့လည်းကောင်း၊ "အတ္တလန္တိတ် အာကာသလွန်းပြန်ယာဉ်" သည် ဖလော်ရီဒါရှိ ကနေဒီအာကာသစင်တာသို့ လည်းကောင်း၊ "အင်ဒေးဗား အာကာသလွန်းပြန်ယာဉ်" သည် လော့စ်အိန်ဂျလိစ်ရှိ ကာလီဖိုးနီးယားသိပ္ပံစင်တာသို့လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ အာကာသအတွင်းသို့ ပျံသန်းဖူးခြင်းမရှိသော အင်တာပရိုက်စ် အာကာသလွန်းပြန်ယာဉ်၏ ရှေ့ပြေးပုံစံကိုလည်း နယူးယောက်ရှိ အင်ထရီပစ်ပြတိုက်သို့ ပို့ဆောင်မည်ဖြစ်သည်။

အဆိုပါ အာကာသလွန်းပြန်ယာဉ် တစ်စင်းစီတို့က သမိုင်းကိုယ်စီပြောကြလိမ့်မည်ဟု နာဆာအကြီးအကဲ ချားလ်စ်ဘိုလ်ဒန်က ပြောကြားသည်။

နာဆာ၏ အာကာသ လွန်းပြန်ယာဉ် အစီအစဉ်တွင် လွန်းပြန်ယာဉ်နှစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ၁၉၈၆ ခုနှစ် ဇန်နဝါရီလအတွင်း ချယ်လင်ဂျာ အာကာသ လွန်းပြန်ယာဉ်ကို ပစ်လွှတ်စဉ် ပေါက်ကွဲပျက်စီးခဲ့ပြီး အာကာသယာဉ်မှူး ခုနစ်ဦးစလုံး သေဆုံးခဲ့ရသည်။

တစ်ဖန် ၂၀၀၃ ခုနှစ်တွင်လည်း ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ်သည် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်စဉ် လေထုအတွင်း မီးလောင်ပျက်စီးခဲ့ရာ လိုက်ပါလာသူ အာကာသယာဉ်မှူး ခုနစ်ဦးစလုံး အသက်ဆုံးရှုံးခဲ့ရသည်။

ယခုအခါ အာကာသလွန်းပြန်ယာဉ် ပျံသန်းမှုအစီအစဉ် ပြီးဆုံးတော့မည်ဖြစ်ရာ နောက်ထပ်ပျံသန်းမှု အစီအစဉ်နှစ်ခုသာ ကျန်ရှိတော့သည်။

သိုးမွေးထည့်သွင်းထားသည့် ကျည်ကာအင်္ကျီ သက်သောင့်သက်သာနှင့် ပို၍ ခံနိုင်ရည်ရှိ

ကက်ဗ်လာခေါ် အမျှင်တုအထည်အတွင်း "ရက်ထားသော သိုးမွေးထည်"ကို ထည့်သွင်းထားခြင်းဖြင့် စွမ်းအင်နှင့် ရေစုပ်ယူမှု ပိုမိုကောင်းမွန်လာရာ အဆိုပါ ရက်ထည်တုဖြင့် ပိုမို၍ စွမ်းဆောင်ရည်မြင့်မားပြီး ပိုမို၍ သက်သောင့်သက်သာရှိသော ကျည်ကာအင်္ကျီများ ထုတ်လုပ်နိုင်မည့် အလားအလာရှိသည်ဟု ဩစတြေးလျနိုင်ငံမှ သုတေသီများက ပြောကြားသည်။

သိပ်သည်းကျစ်လျစ်စွာ ရက်လုပ်ထားသော သိုးမွေးထည်သည် ကျည်ဆံတစ်တောင့်၏ ထိမှန်မှုကို ခံနိုင်ရည်ရှိစေရန် လိုအပ်သော ကက်ဗ်လာ၏ အလွှာအရေအတွက်ကို ၃၆ လွှာမှ အလွှာ ၃၀ သို့ လျှော့ချနိုင်မည်ဖြစ်သည့်အပြင် သိုးမွေးထည်၏ ရေစုပ်ယူနိုင်မှု စွမ်းရည်ကြောင့် စိုစွတ်သည့် အခြေအနေတွင်လည်း နေသာထိုင်သာရှိအောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

အဆိုပါ သိုးမွေးရော ကက်ဗ်လာကို ဩစတြေးလျနိုင်ငံ တော်ဝင်မဲလ်ဘုန်းနည်းပညာသိပ္ပံကျောင်းမှ ချည်ထည်နည်းပညာရှင် ရာဂျစ်ပက်ဒ်ဟေးက ဦးဆောင်တီထွင် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ကျည်ကာအင်္ကျီများ ထုတ်လုပ်ရာတွင် ၁၉၇၀ ပြည့်လွန်နှစ်များမှစတင်၍ ပေါ်လီမာအခြေခံ ကက်ဗ်လာများကို သုံးစွဲခဲ့ရာ ကျည်ကာအင်္ကျီများမှာ ပုံစံကိုးရိုးကားရားနှင့် လေးလံခဲ့သည်။

၂၀၀၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအဖြစ် ပီစီ ကွန်ပျူတာများ အရောင်းကျ

ယခုနှစ် ပထမသုံးလပတ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ကွန်ပျူတာများ အရောင်းကျဆင်းခဲ့ရာ ၂၀၀၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တစ်ကိုယ်ရေသုံး ကွန်ပျူတာများ ရောင်းချရမှုမှာ ပထမသုံးလပတ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ၈၄ ဒသမ ၃သန်း ရှိခဲ့ရာ ၁ ဒသမ ၁ ရာခိုင်နှုန်း အရောင်းကျဆင်းသွားခြင်းဖြစ်သည်ဟု ဂတ်တ်နာ နည်းပညာသုတေသနအဖွဲ့အစည်းက ပြောကြားသည်။

၎င်းအရောင်းကျဆင်းမှုသည် ၂၀၀၉ ခုနှစ် ဒုတိယသုံးလပတ်နောက်ပိုင်းတွင် ပထမဆုံးဖြစ်ပြီး ကမ္ဘာ့ဒေသအများစုတွင် စီးပွားရေးကသောင်းကနင်း အခြေအနေအတွင်း ရှိနေခဲ့ချိန်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၅ ရက်က ဟောင်ကောင်တွင် ကျင်းပခဲ့သော "ရှမ်ရှွိပို ကွန်ပျူတာပွဲတော်" အမည်ရှိ အိုင်တီထုတ်ကုန်ပစ္စည်းများ ကုန်စည်ပြပွဲတွင် ဝယ်ယူသူများက အိုင်တီကုန်စည်များ ရွေးချယ်နေကြသည်ကို တွေ့ရစဉ်။

နှစ်သစ်ကူးမင်္ဂလာဆုတောင်း

ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော မြန်မာတို့ရဲ့မင်္ဂလာနှစ်သစ်ဦးမှာ ကျွန်တော်များ စိန်ခြယ်စားသောက်ကုန်ထုတ်လုပ်ရောင်းဝယ်ရေးကုမ္ပဏီ (စူပါဝမ်း ဘီစကစ်နှင့် ကွတ်ကီး ကောင်းစံဘီစကစ်မျိုးစုံ)မှ ထုတ်လုပ်သော ပစ္စည်းမှန်သမျှကို အစဉ်တစိုက်ဝယ်ယူအားပေးလျက်ရှိသော မြန်မာပြည်တစ်ဝန်းမှ စီးပွားဖက်ဖောက်သည်ကြီးများ၊ စားသုံးသူများ၊ မြန်မာပြည်အနှံ့အပြား၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းအား စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း အလုံးစုံပြည့်ဝပါစေကြောင်း၊ စီးပွားဥစ္စာဒီရေအလားတိုးပွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအောင်တိုး-ဒေါ်လုလုဝင်း

သမီး - စုပိုပိုအောင်၊ သား- အောင်ဖြိုးမင်းကို၊ အောင်မျိုးမင်းသန့်

စိန်ခြယ်စားသောက်ကုန်ထုတ်လုပ်ရောင်းဝယ်ရေးကုမ္ပဏီမိသားစု

နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

မြန်မာတို့၏ နှစ်သစ် ၁၃၇၃-ခုနှစ် နှစ်ဆန်း(၁)ရက်နေ့မှစ၍ မြန်မာပြည်သူပြည်သား အပေါင်းနှင့် မိတ်ဆွေကောင်းမိတ်သင်များအားလုံး၏လုပ်ငန်းစီးပွားများအကြံအစည်များ ကောင်းကျိုးရာရာများ အားလုံးအောင်မြင်တိုးတက်ကြပါစေကြောင်း

"အီးဂဲ(လ်)ကာလာခွဲလုပ်ငန်း" မိသားစုမှ နှစ်သစ်မင်္ဂလာဆုမွန်ကောင်းတောင်းလိုက်ပါသည်။

နှစ်သစ်ကာလမှစတင်၍ လူကြီးမင်းတို့၏ စီးပွား ရေးလုပ်ငန်းကိစ္စများအားလုံး ဆတက်ထမ်းပိုးတိုးတက်ကြပါစေ။

EAGLE Color Separation & CtP မိသားစု

25% Discount ဖြင့်

Ph: 01-545531/09-730-58161/09-500-8161/09-730-99771

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

မိုးညှင်း ဧပြီ ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီခွဲတွင် မိုးညှင်းမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် ဆေးရုံအုပ်ကြီးဒေါက်တာသင်းသင်းလှိုင်က ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မိန့်ခွန်းကို ဖတ်ကြားရှင်းလင်းပြီး မိုးညှင်းခရိုင်တီဘီရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင်လက်ထောက်ကျန်းမာရေးမှူး ဦးခင်မောင်သန်းက တီဘီရောဂါဖြစ်ပွားမှုများနှင့်ကုသဆောင်ရွက်ပေးမှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ မိုးညှင်းခရိုင် ဆေးရုံအုပ်ကြီးဒေါက်တာသင်းသင်းလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၁၁၀ခန့် တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းများဆင်း

ရေစကြို ဧပြီ ၂၁

ရေစကြိုမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၃)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၆)သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၃)မှ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးပြီး သင်တန်းဆင်းအောင်လက်မှတ်များ ဆက်လက်ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ သင်တန်းဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြစ်ငယ် အထက နဝမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

မြစ်ငယ် ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီက မြစ်ငယ်မီးရထားခန်းမ၌ကျင်းပရာ**(အပေါ်ပုံ)** အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်လှိုင်က အနန္တဂိုဏ်းဝင် ဆရာကြီး၊ ဆရာမကြီးများ၏ ကျေးဇူးဂုဏ်ပုဒ်များနှင့် ပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထာဝရငွေပဒေသာပင်အတွက် အလှူရှင် ၂၅ ဦးတို့က မိမိတို့စေတနာအလျောက် ငွေကျပ် ၄၁ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကြွရောက်လာကြသော ဆရာကြီး၊ ဆရာမကြီးများအား လက်ဆယ်ဖြာမိုး၍ ရှိခိုးကန်တော့ကြပြီး လှူဒါန်းငွေနှင့် ပစ္စည်းများကို တစ်ဦးချင်းအလိုက် ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကန်တော့ခံဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးတို့က ဆုံးမသြဝါဒစကားများ ပြောကြားသည်။

ယခုနှစ်တွင် အသက် ၈၀ အထက် ဆရာကြီး၊ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ရှစ်ဦး၊ အသက် ၇၀ မှ ၈၀ အတွင်း တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၄၃ ဦး၊ အသက် ၆၀ မှ ၇၀ အတွင်း တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၇၁ ဦး စုစုပေါင်း ၁၂၂ ဦးတို့အား ငွေကျပ် ၃၁၁၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(၄၃၃)

မျက်စိအထူးကု ဆရာဝန်ကြီးများ နွားထိုးကြီး၌ ကွင်းဆင်းကုသ

နွားထိုးကြီး ဧပြီ ၂၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဆေးရုံတွင် မျက်စိအထူးကု ဆရာဝန်ကြီး သုံးဦးနှင့် ဆေးဝန်ထမ်း ၁၅ ဦးတို့ပါဝင်သောအဖွဲ့က မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၀၀၀ ကျော်တို့အား သုံးရက်ကြာအခမဲ့ကွင်းဆင်းကုသပေးခဲ့ရာ မတ် ၃၀ ရက်တွင် နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်မိုးတို့က သွားရောက်ကူညီဖြည့်ဆည်းပေးခဲ့ကြကြောင်း သိရသည်။

(၉၅)

ကျေးလက်ဖွံ့ဖြိုးရေး စုပေါင်းလှူဒါန်း

ကောလင်း ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် နမ်းတပ်ကျေးရွာအုပ်စု နမ်းတပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ဖွံ့ဖြိုးရေးရန်ပုံငွေ စုပေါင်းပေးအပ်ပွဲကို မတ် ၁၄ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဝင်းကြိုင်နှင့်ကျောင်းအကျိုးတော်ဆောင်များ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဝင်းကြိုင်က အမှာစကားပြောကြားပြီး တိ/မွေးကု ဦးစီးဌာန ကျေးလက်ဦးစီးမှူး ဦးစိုးဟန်က ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိ/မွေးကုဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဦးစိုးဟန်-ဒေါ်ခင်အေးလွင်တို့က ကျောင်းရေတံုကင်ဘုံပိုင်အတွက် ငွေကျပ် ၆၀၀၀၀၊ ဦးဘထူး-ဒေါ်ကြည်အောင်တို့က ရေဘုံပိုင်အတွက် ငွေကျပ် ၇၀၀၀၀နှင့် စာအုပ်စာစောင်အတွက် ငွေကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၂၁၄)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဗဟိုသင်တန်းကျောင်း၌ ပြုလုပ်သော လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်း အထူးသင်တန်းအမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲသို့ တက်ရောက်ပြီး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

Thaicom - 5 ဂြိုဟ်တု၏ ချို့ယွင်းမှုကြောင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်များ ခေတ္တပြတ်တောက်သွားခဲ့ ယခု ပုံမှန်ပြန်လည်တင်ဆက် ထုတ်လွှင့်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၁

ယနေ့ ညနေ ၄ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ တင်ဆက် ထုတ်လွှင့်ရာတွင် Thaicom - 5 ဂြိုဟ်တု၏ ချို့ယွင်းမှုကြောင့် ရန်ကုန်မြို့နှင့် နေပြည်တော်ခရိုင် တပ်ကုန်းမြို့တို့မှအပ ကျန်မြို့များတွင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ ည ၇ နာရီခန့်အထိ ခေတ္တပြတ်တောက်သွားခဲ့ကြောင်း၊ ထို့နောက် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို ည ၇ နာရီမှစတင်၍ ပုံမှန် ပြန်လည်တင်ဆက် ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ Thaicom - 5 ဂြိုဟ်တု၏ ချို့ယွင်းမှုကြောင့် နေပြည်တော်မြန်မာ့အသံရေဒီယို အစီအစဉ်များ ထုတ်လွှင့်နေစဉ် မြန်မာနိုင်ငံအောက်ပိုင်းဒေသအချို့၌ ညနေ ၄ နာရီမှ ၄ နာရီခွဲအထိ မိနစ် ၃၀ ခန့် အသံပြတ်တောက်သွားခဲ့ကြောင်း၊ ထို့နောက်ပိုင်း အသံပြန်လည် ကောင်းမွန်သွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျိုးသုံးစွဲမှုများစွာသက်သာပြီး တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်စေမည့် သီးပွံနည်းကျစပါးစိုက်နည်းစနစ် လက်တွေ့ပြသ

နေပြည်တော် ဧပြီ ၂၁

စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ အထက် ထွက်ရှိရေး သီးပွံနည်းကျ စိုက်နည်းစနစ် လက်တွေ့ပြသစိုက်ပျိုးခြင်း အခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာအနီး၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်အားပေးပြီး စပါးတစ်ဧကပန်းတိုင် အထွက်နှုန်း တင်း ၁၀၀ အထက် ထွက်ရှိရေး လက်တွေ့ကျသော သီးပွံနည်းကျ စိုက်နည်းအချက် ၁၄ ချက်ကို အသေးစိတ်မှာကြားကာ စိုက်ကွင်းအတွင်း ပေါင်စနစ်ဖြင့် ပျိုးကြဲခြင်းကို တောင်သူများနှင့်အတူ ကိုယ်တိုင် ပါဝင်ပျိုးကြဲပေးခဲ့သည်။ ပေါင်စနစ်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့သုံးစွဲမှု သက်သာစေသည့်အပြင် တစ်ဧကလျှင် မူလအထွက်နှုန်းထက် ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုထွက်ရှိနိုင်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဤနည်းစနစ်အား လိုက်နာကျင့်သုံးခြင်းဖြင့် မျိုးစပါးသုံးစွဲမှု တင်းသန်းပေါင်းများစွာ သက်သာစေသည့်အပြင် နိုင်ငံတော်၏ စပါးထုတ်လုပ်မှုကို လျင်မြန်စွာ တိုးတက်လာစေမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနဗဟိုသင်တန်းကျောင်း၌ ပြုလုပ်သော လယ်ယာသုံး စက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်း အထူးသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

လယ်ယာစီးပွား ပြည်ထွန်းကား

ဆဋ္ဌမအကြိမ်မြောက် သုတစွယ်စုံ စာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် ဆဋ္ဌမအကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာရာ ဆုရရှိသူများမှာ သုတစွယ်စုံ တစ်သက်တာ စာပေဆုအတွက် ဦးဝင်းမောင် (ဆရာမင်းယုဝေ)၊ စာပဒေသာ ဘာသာရပ်အတွက် "အိုဆာကာ ဧည့်သည်" စာအုပ်ဖြင့် မောင်ခင်မင်(ဓနုဖြူ)၊ ဝိဇ္ဇာဘာသာရပ်အတွက် "လွမ်းတော်မူဖို့ စာကိုစီတယ်" စာအုပ်ဖြင့် မောင်မိုးသူ၊ သိပ္ပံဘာသာရပ်အတွက် "အတိုင်းမသိ စကြဝဠာ" စာအုပ်ဖြင့် ကိုဆွေ (ပန်နိုရားမား)၊ ဘာသာပြန်ဘာသာရပ်အတွက် "စီးပွားအောင်ခြင်း" စာအုပ်ဖြင့် ကြည်ရွှန်း၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် "စာအုပ်ကမ္ဘာ" စာအုပ်ဖြင့် ဖေမြင့်နှင့်

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❍